# သံဃာ့ကျေးဇူး

ဦးရွှေအောင်

မဟာဝိဇ္ဇာ ( သက္ကတ )၊ ဝင့်သကာနှင့် သိရောမဏိ



ဗုဒ္ဓဝါဒ၏ အနှစ်သာရကား လူ့ဘဝကို ‘ဒုက္ခ’ အဖြစ် တန်ဖိုးထားကာ အချင်းချင်း အနစ်နာခံခြင်း–အလောဘ၊ အချင်းချင်း ငဲ့ညှာခြင်း–အဒေါသ၊ ယထာဘူတ ကျကျ မြင်ခြင်း– အမောဟတို့ဖြင့် အများ၏ အကျိုး– လောကတ္ထကို ပထမ၊ အသိုက်အဝန်း၏ အကျိုး– ဉာတတ္ထကို ဒုတိယ၊ မိမိ၏ အကျိုး– အတ္တတ္ထကို တတိယထားခြင်း ဖြစ်၏။

[ မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲ

အနုမောဒနာမှတ်တမ်း နိဒါန်းများ… မှ]

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်မွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဦးရွှေအောင် [၁၉၂၈–၁၉၉၄ ]

ပဲခူးတိုင်း ကဝမြို့နယ် ဖလေးရွာတွင် အဖ ဦးစု၊ အမိ ဒေါ်အုန်းရှင်တို့က ၁၉၂၈ ခု ဇွန်လ ၇ ရက်တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးရွှေအောင် ဖြစ်သည်။

ဖလေးရွာ အလယ်ကျောင်း(၁၉၃၅)၊ ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းတိုက် (၁၉၄၆)၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက် ဆရာတော် ဦးကြွယ်ကျောင်း (၁၉၄၈)၊ သက်ကြီးတက္ကသိုလ် (၁၉၆၀)၊ အိန္ဒိယပြည် ဘုံဘေတက္ကသိုလ် (၁၉၇၁) တို့တွင် ပညာသင်ခဲ့သည်။ စေတိယင်္ဂဏ ဓမ္မာစရိယ၊ သကျသိဟ ဓမ္မာစရိယ (ဝင်္ဂသကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ)[၁၉၅၃]၊ တက္ကသိုလ်ဝင်တန်း (၁၉၅၆)၊ သက်ကြီးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (၁၉၆၅)၊ ဘုံဘေတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ (သက္ကတ)နှင့် သဒ္ဓမ္မဇောတိက ဓဇ (သာသနာပြုဘွဲ့) [ ၁၉၉၂ ] တို့ကို ရရှိခဲ့သည်။

၁၉၄၁ တွင် ရှင်သာမဏေ ဝတ်သည်။ ၁၉၄၈ တွင် ရဟန်းအဖြစ်သို့ ရောက်သည်။ ၁၉၆၀ တွင် လူဝတ်လဲသည်။ ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ ဝန်ထမ်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၌ လက်ထောက် အယ်ဒီတာ၊ အုပ်ချုပ်ရေးအရာရှိ(၁)၊ သာသနာရေးဦးစီးဌာန၌ တွဲဖက်ညွှန်ကြားရေးမှူး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ တွင် အငြိမ်းစားယူသည်။

ထင်ရှားသော စာအုပ်များမှာ ရသစာပေ၏ ရသ၊ ဗုဒ္ဓ–လောကသားတို့၏ အနှိုင်းမဲ့ ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်၊ အမြင်များ ပြောင်းလဲခြင်းနှင့် အတွေးအမြင် စာစုများ၊ ဘဝအကျဉ်းသား၊ ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့၊ ကုသိုလ်နှင့် အကုသိုလ်၊ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း၊ စာဖတ်သူများ၊ ချမ်းသာကို ရှာဖွေခြင်း၊ ဘဝအမြင်သစ်၊ ထေရဝါဒ အုတ်မြစ်၊ ဓမ္မပဒ တို့ ဖြစ်ကြသည်။

၁၉၉၄ ခု ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

## ၂၀၀၄ နှင့် ၂၀၀၅ ထုတ် ရာပြည့်စာအုပ်များ

၂၁၁။ ကျော်အောင်၏ ပါရီရုပ်ပုံလွှာ
၂၁၂။ လင်းယုန်မောင်မောင်၏ ဟိုချီမင်း
၂၁၃။ ဂျိမ်း(စ်)လှကျော်၏ မောင်ရင်မောင် မမယ်မ
၂၁၄။ ညီစေမင်း၏ ဟယ်လင်ကဲလား
၂၁၅။ ဦးကိုလေး(ဗေယျာမောင်)၏ မြန်မာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူး ဆရာကြီး ဦးဘခင်
၂၁၆။ တင့်တယ်၏ ပျို့တို့အချစ်တော်
၂၁၇။ သိပ္ပံမောင်ဝ (နှင့်–)၏ ခေတ်စမ်းပုံပြင်များ(ခေါ်)ခေတ်စမ်းဝတ္ထုများ
၂၁၈။ ဦးမောင်မောင်တင်[၁]၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ပထမတွဲ)
၂၁၉။ ဦးမောင်မောင်တင်[၁]၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဒုတိယတွဲ)
၂၂၀။ ဦးမောင်မောင်တင်[၁]၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (တတိယတွဲ)
၂၂၁။ ဦးရွှေအောင်၏ ချမ်းသာကို ရှာဖွေခြင်း
၂၂၂။ တင်မောင်မြင့်၏ တောင်ပံမဲ့ သင်းကွဲတေးဆိုငှက်
၂၂၃။ တက်တိုး၏ ကမ္ဘာကျော် မိန်းမသူလျှိုများ
၂၂၄။ ကြည်အေး၏ ကြွေလုနှင်းဆီ ဝတ္ထုတိုစု
၂၂၅။ ဒဂုန်တာရာ၏ ကဗျာပေါင်းချုပ်
၂၂၆။ ရွှဝ၏ ပျောက်သောသူ
၂၂၇။ မြင့်သန်း၏ ပန်းရောင်းလမ်းထောင့်မှလူနှင့် ဟော့ဟဲလီးဝစ် ဘော့(ရ)ဂဲ၏ လက်ရွေးစင်ဝတ္ထုတိုများ

## ၂၀၀၅ ခုနှစ် ပြေတွင် ထုတ်ဝေမည့် စာအုပ်များ

၂၂၈။ မောင်ရဲခိုင်၏ ဘဝအလွမ်းအိမ်
၂၃၀။ ဦးမောင်မောင်တင်[၁]၏ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်
၂၃၁။ ကျော်အောင်၏ ဗေဒင်ဆရာ၏နေ့တစ်နေ့နှင့် အာ(ရ်)၊ ကေ၊ နာရာယန်း၏ ဝတ္ထုတိုများ
၂၃၂။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်အလွန် (ပထမအုပ်)

ရာပြည့်စာအုပ် ၂၂၈

# သံဃာ့ကျေးဇူး


ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကတ)

ဝဋံသကာနှင့် သီရောမဏိ



ရာပြည့်စာအုပ်တိုက်

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၇၁၀၁၀၃ (ဆိုင်)

[ မတ်၊ ၂၀၀၅ ]

စာမူခွင့်ပြုချက်အမှတ် [ ၃၂၀ ၀၁၄ ၀၅ ၀၁ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၃၂၀ ၁၀၄ ၀၅ ၀၂ ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
(မတ်၊ ၂၀၀၅)
အုပ်ရေ [၂၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဒေါ်ခင်အေးမြင့် [၀၃၈၀၁]၊ ရာပြည့်စာပေ
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

❑

အတွင်းဖလင်
အောင်ကက်

❑

စာအုပ်ချုပ်
ကိုမြင့်နိုင် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ
လင်းဝဏ္ဏ

❑

၄၀၀

400

အမှတ် ၂၆၄၀၈
ရက်စွဲ
သုတေသနစာကြည့်တိုက်

# မာတိကာ


၁။ အနာဂတ် သာသနာ ၉

၂။ ပစ္စ ဘိညာ ၁၈

၃။ ဥရောပ၌ သာသနာပြုတော်မူနေသော
မြောင်းမြ ပဏ္ဍောတာရုံ ဆရာတော် ၂၄

၄။ လျှောက်ထားပါရစေ ၃၄

၅။ မင်္ဂလာဗျူဟာ သာမဏေကျော်
စာတော်ပြန်ပွဲ အနုမောဒနာမှတ်တမ်း
နိဒါန်းများ ၄၀

# အနာဂတ် သာသနာ

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က သတ္တဝါတို့၏ အစီးအပွား အလို့ငှာ စတင်ခဲ့သော မြတ်စွာဘုရား၏ သာသနာတော်သည် ဤကမ္ဘာမြေအပြင်၌ 'ရောင်ဝါ နေသို့ ထွန်းစေသော်' ဟူ၍ ဘာသာရေး အခမ်းအနား များ ကျင်းပတိုင်း ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဆုတောင်းကြ၏။ မြတ်စွာဘုရား၏ သာသနာတော် အစွန့်ရှည်စွာ တည်ပါစေခြင်း အကျိုးငှာ ရဟန်းရှင်လူ အပေါင်းတို့သည် မိမိတို့ စွမ်းအားရှိသမျှ ဆောင်ရွက် ကြ၏။ ရဟန်းနှင့် ရှင်တို့က မိမိတို့ တာဝန်အရ ဓမ္မာ နုဂ္ဂဟဖြင့် ဆောင်ရွက်ကြ၏။ လူတို့ကလည်း မိမိတို့ တာဝန်အရ ပစ္စယာနုဂ္ဂဟဖြင့် ဆောင်ရွက်ကြ၏။

ဤသို့ ဆောင်ရွက်ကြသည်မှာ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိချိန်မှစ၍ ယနေ့တိုင်အောင်ပင် ဖြစ်၏။ နောင်လည်း ဆောင်ရွက်ကြမည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်၏။ သို့ပါလျက် မြတ်စွာဘုရား၏

ရာပြည့်စာအုပ်တိုက်

သာသနာတော်သည် အချို့သော ဒေသ၌ တစ်ချိန်က ‘ရောင်ဝါနေသို့’ ထွန်းခဲ့သော်လည်း ယခုအချိန်၌မူ ‘နေဝင်တောင်’ သို့ ရောက်ခဲ့ပြီ ဖြစ်၏။ ‘နေဝင်တောင်’ သို့ လုံးလုံးမရောက်သေးစေကာမူ ‘နေဝင်တောင်’သို့ သွားရာ လမ်းခရီးတွင် ‘မွန်းတိမ်း’လမ်းကြောင်းပေါ်၌ ရောက်နေသော အချို့ဒေသများလည်း ရှိကြ၏။

ထို့ကြောင့် မြတ်စွာဘုရား၏ အနာဂတ်သာသနာတော်အတွက် မှန်ကန်သော လမ်းစဉ်ကို ချမှတ်နိုင်စိမ့်သောငှာ သာသနာတော် တိုးတက်မှုနှင့် ဆုတ်ယုတ်မှုဖြစ်စဉ်ကို လေ့လာရန် ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် လိုအပ်၏။ ထိုကဲ့သို့ လေ့လာသောအခါ လေ့လာစရာ သာသနာတော်နှင့် ပတ်သက်၍ ‘ကာလ’ သဘောကိုလည်း လိုအပ်၏။ ‘ဒေသ’ သဘောကိုလည်း လိုအပ်၏။ ‘ပယောဂ’ သဘောကိုလည်း လိုအပ်၏။ ‘ဥပဓိ’ သဘောကိုလည်း လိုအပ်၏။

အရာဝတ္ထု တစ်ခုတည်း ဖြစ်ပါလျက် ‘ကာလ’ ကို လိုက်၍ ယင်းအရာဝတ္ထု၏တန်ဖိုးသည် အတက်အကျ ရှိ၏။ ထမင်းတစ်နပ်ပင် ဖြစ်စေကာမူ အလွန်မွတ်သိပ်သောအခါ၌ ယင်း၏တန်ဖိုးသည် ကြီးမား၍ မမွတ်သိပ်သောအခါ၌ ယင်း၏တန်ဖိုးသည် မကြီးမား။ ‘ဒေသ’ကို လိုက်၍လည်း ထို့အတူပင် ဖြစ်၏။ အုတ်တစ်ချပ်ပင် ဖြစ်စေကာမူ ဘုရားတည်ရာ၌ သုံးသော အုတ်တစ်ချပ်သည် တန်ဖိုးကြီး၍ လမ်းခင်းရာ၌

သုံးသော အုတ်တစ်ချပ်သည် ထိုမျှလောက် တန်ဖိုး မကြီးမား။ 'ပယောဂ' ကို လိုက်၍လည်း တန်ဖိုး အနိမ့်အမြင့် ရှိ၏။ ဓားချက်ချင်း တူပါလျက် လူသတ်သမား၏ ဓားချက်သည် တန်ဖိုးမဲ့၍ ဆရာဝန်၏ ဓားချက်သည် တန်ဖိုးရှိ၏။ အရည်အသွေး 'ဥပဓိ'ကို လိုက်၍လည်း တန်ဖိုးချင်း ခြားနား၏။ အဋ္ဌကလာပ်ရုပ်ချင်း တူပါလျက် ခွေး၏ အဋ္ဌကလာပ်ရုပ်သည် တန်ဖိုးမြင့်၍ ကြေး၏ အဋ္ဌကလာပ်ရုပ်သည် တန်ဖိုး နိမ့်၏။ ထို့ကြောင့် အရာဝတ္ထုတစ်ခု၏ တန်ဖိုးကို စဉ်းစားသောအခါ သူ့ချည်း ကွက်၍ မစဉ်းစားရဘဲ ကာလ၊ ဒေသ၊ ပယောဂ၊ ဥပဓိတို့၏ သဘောများကိုပါ ထည့်သွင်း၍ စဉ်းစားရ၏။ သို့မှသာ မှန်ကန်သော တန်ဖိုးကို မြင်နိုင်၏။

ဖော်ပြပါ နိယာမအရ မြတ်စွာဘုရား၏ သာသနာတော်ကို စဉ်းစားသောအခါ ကမ္ဘာတစ်ဝန်းလုံး၌ 'ကာလ'အရလည်း အလွန် လိုအပ်လျက် ရှိ၏။ ယနေ့ အခြေအနေသည် ငြိမ်းချမ်းမှုမရှိဘဲ အမြဲတစေသောက ပရိဒေဝတို့ဖြင့် ပြည့်လျှမ်းလျက်ရှိ၏။ 'ဒေသ' အရ ကြည့်လျှင်လည်း မြတ်စွာဘုရား၏ သာသနာတော်သည် အခြားသော ဗုဒ္ဓဘာသာနိုင်ငံတို့၌ များစွာ ယိုင်နဲ့လျက် ရှိလေပြီ။

မြန်မာနိုင်ငံ၌သာ အထိုက်အလျောက် ခိုင်ခံ့လျက် ရှိသေး၏။ သို့ရာတွင် အားရဖွယ် မဟုတ်သေး။ 'ပယောဂ' အရ ကြည့်လျှင်လည်း ပုဂံခေတ်မှ

ကုန်းဘောင်ခေတ်တိုင်အောင်သော အခြေအနေမျိုး မဟုတ်တော့။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ် တိုင်အောင် မြန်မာနိုင်ငံ၌ ရဟန်းသာမဏေများကလည်း ဗုဒ္ဓစာပေကို လေ့လာ၏။ ဗုဒ္ဓစာပေ၏ အဆိုအမိန့်အတိုင်း လောကကို ကြည့်၏။ ဘုရင်၊ စစ်သူကြီး၊ ဝန်ကြီးတို့မှ သာမန် ပြည်သူပြည်သားတို့ တိုင်အောင် ဘုန်းတော်ကြီးများထံမှ ဗုဒ္ဓစာပေကို လေ့လာ၏။ ဗုဒ္ဓစာပေ အဆိုအမိန့်အတိုင်း တိုင်းပြည်ကို အုပ်ချုပ်၏။ စီးပွားရေးကို လုပ်၏။ လောကကို ကြည့်၏။ ထိုစဉ်က ဆရာနှင့် ဒါယကာတို့သည် အယူသီလ တူမျှကြချေ၏။

ယနေ့ မြန်မာနိုင်ငံကား ထိုကဲ့သို့ မဟုတ်တော့။ ဆရာဖြစ်သူ ရဟန်းသာမဏေများကလည်း ဗုဒ္ဓစာပေကို မိမိတို့၏ ပရိဝုဏ် အတွင်း၌သာ ထိန်းသိမ်းနိုင်တော့၏။ နိုင်ငံသူ နိုင်ငံသားဖြစ်သော ဒါယကာများကလည်း ဗုဒ္ဓစာပေကို မလေ့လာတော့။ လက်ဝဲ၊ လက်ယာ စာပေများကိုသာ လေ့လာတော့၏။ လက်ဝဲ၊ လက်ယာ စာပေအမြင်များဖြင့်သာ လောကကို ကြည့်၏။ သို့ဖြစ်၍ ဆရာနှင့် ဒါယကာတို့ အချင်းချင်း အယူသီလ မတူမျှကြတော့။

သို့ဖြစ်လျှင် မြတ်စွာဘုရား၏ သာသနာတော်သည် ဤမြန်မာနိုင်ငံ၌ပင် ရောင်ဝါနေသို့ ထွန်းရန် ခက်ချေပြီ။ မြတ်စွာဘုရား၏ သာသနာတော်သည် အရည်အသွေး (ဥပမိ) ကောင်းမွန်မှုနှင့် စပ်လျဉ်း၍

ယုံမှားဖွယ် မရှိ။ အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံပါ၏။ လောကီ- လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ပေးစွမ်းနိုင်ပါ၏။

သာသနာတော်နှင့် ပတ်သက်၍ လေ့လာစရာ လေ့လာနည်းကို ဖော်ပြပြီးနောက် လေ့လာသူ ပုဂ္ဂိုလ်များအတွက် လေ့လာနည်းကို ဖော်ပြရလျှင် လေ့လာရာ၌ လိုအပ်သောအမြင် ၃ မျိုးကို သဘောပေါက်ဖို့ လိုအပ်၏။ ယင်းအမြင် ၃ မျိုးကို ဒဿန ဝေါဟာရဖြင့် (၁) Shruta Drishti (၂) Anumita Drishti (၃) Sachat Drishti ဟူ၍ ခေါ်၏။

Shruta Drishti ဟူသည်မှာ မျက်မြင် တွေ့ရှိရသော အဆင့်မျှကိုသာ မြင်စွမ်းနိုင်သော အမြင်မျိုးဖြစ်၏။ ယင်း အမြင်ဖြင့် ကြည့်လျှင် မြန်မာနိုင်ငံ၌ မြတ်စွာဘုရား၏ သာသနာတော်သည် ရောင်ဝါနေသို့ ထွန်းလျက်ရှိကြောင်း တွေ့ရ၏။ စေတီ ပုထိုးများ၊ ကျောင်းတော်ကြီးများ၊ ရဟန်း သာမဏေများသည် ရေးကထက် ပို၍ ကြီးကျယ်ခမ်းနား၏။ များပြား၏။ စာသံ ပေသံများကိုလည်း သောသောညံ ကြားရ၏။ ပရိယတ္တိ စာမေးပွဲများလည်း မျိုးစုံပင်ဖြစ်၏။ အရွက်၊ အပွင့်၊ အသီးတို့၏ ပြည့်စုံမှု၌ ယစ်မူးဖွယ်ကို မြင်ရသကဲ့သို့ လည်းကောင်း၊ ရာထူးဂုဏ်သိန် စည်းစိမ် ဥစ္စာတို့၏ ပြည့်စုံမှု၌ ယစ်မူးဖွယ်ကို မြင်ရသကဲ့သို့ လည်းကောင်း ဖြစ်၏။ ထို့ကြောင့် ထိုအမြင်မျိုးကို

ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု(Meterial Development) ၌သာ အားရကျေနပ်သော အမြင်မျိုး ဟူ၍ ဆိုရ၏။

Anumita Drishti ဟူသည်မှာ ထိုအဆင့်ကို ထွင်းဖောက်၍ မြင်စွမ်းနိုင်သော အမြင်မျိုး ဖြစ်၏။ စာသံ ပေသံ သောသောညံထဲက တကယ် ပရိယတ္တိကို ထိုက်ထိုက်တန်တန် ကိုယ်တိုင် တတ်မြောက်သူများ၊ သူတစ်ပါးတို့အား တတ်မြောက်နိုင်စေသူများ၊ ရှေးခေတ် ပုဂံမှ ကုန်းဘောင်ခေတ် ဆရာတော်များကဲ့သို့ မင်း မှူးမတ်မှ စ၍ ပြည်သူပြည်သား အားလုံးတို့ အပေါ် ဆရာလုပ်၍ သင်ကြားပြသ ပေးနိုင်သော အရည်အချင်း ပြည့်သူများကို မြင်အောင် ကြည့်စွမ်းနိုင်ပါက မြန်မာနိုင်ငံ၌ မြတ်စွာဘုရား၏ သာသနာတော်သည် ရောင်ဝါနေသို့ ထွန်းအောင်လုပ်ဖို့ များစွာ လိုသေးကြောင်း တွေ့ရ၏။ အရွက်၊ အပွင့်၊ အသီးတို့၏ အားထားရာ 'ပင်စည်'ကို ခိုင်ခံ့အောင် လုပ်ရန် လိုသကဲ့သို့ လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတို့၏ နောက်ကွယ်ရှိ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု (Mental Development)၌ တန်ဖိုးထားတတ်အောင် လုပ်ရန် လိုသကဲ့သို့ လည်းကောင်း ဖြစ်၏။

Sachat Drishti ဟူသည်မှာ ဖော်ပြပါ အဆင့်များကို ထွင်းဖောက်၍ မြင်စွမ်းနိုင်သော နောက်ဆုံး အမြင် ဖြစ်၏။ ထိုအမြင်ဖြင့် မြန်မာနိုင်ငံ၌ မြတ်စွာဘုရား သာသနာတော် ရောင်ဝါနေသို့ ထွန်းအောင် လုပ်မည် ဆိုပါက အရွက်၊ အပွင့်၊ အသီးနှင့် ပင်စည်

တို့၏ မူလအခြေခံ 'အမြစ်'ကို ခိုင်ခံ့အောင် လုပ်ရ သကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ ရာထူးဂုဏ်သိန် စည်းစိမ် ဥစ္စာနှင့် စိတ်ပိုင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးမှုတို့၏ မူလအခြေခံ အကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု(Spiritual Development)၌ တန်ဖိုးထားတတ် အောင် လုပ်ရမည် ဖြစ်၏။

အမြစ် ခြောက်သောအခါ ပင်စည်လည်း ခြောက်၏။ အရွက်၊ အပွင့်၊ အသီးတို့ကား ဆိုဖွယ်ရာ မရှိ။ တစ်ချိန်က မြတ်စွာဘုရား သာသနာတော် ရောင်ဝါနေသို့ ထွန်းခဲ့သော နိုင်ငံများ၌ ဘုရားအို၊ ကျောင်းပျက်များသာ 'ရုပ်ကြွင်း' အဖြစ် ကျန်တော့ သည်မှာ 'အမြစ်' ခြောက်သွားသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ သာသနာတော်၏ အမြစ် မခြောက်သွား စေရန် ရဟန်း ရှင် လူတို့သည် အစဉ်သတိဖြင့် အစဉ် ကြိုးပမ်းအပ်၏။

သာသနာတော်၏ အမြစ် ခြောက်မသွားစေရန် ဗုဒ္ဓဘာသာဝင် သူတော်စင် ဖြစ်ကြသော ရဟန်း၊ ရှင်၊ လူတို့၏ သဏ္ဍာန်၌ ဗုဒ္ဓဘာသာဆိုင်ရာ တစ်ဦးချင်း စရိုက်ကို ခိုင်ခံ့အောင် ထူထောင်အပ်၏။ ထို့နောက် အမျိုးသားစရိုက် အဖြစ်သို့ ရောက်အောင် ကြိုးပမ်း အပ်၏။ ထိုအခါ မြင်မြင်သမျှကို 'ငါ့အတွက်' ဟု မြင်တတ်သော လောဘအမြစ်သည် လည်းကောင်း၊ နေရာတကာ၌ 'ငါ' ပါ၍ မိမိကိုယ်ကို ဘက်စုံတော်သူ အဖြစ် မြင်တတ်သော မာနအမြင်သည် လည်းကောင်း၊

အရာရာတိုင်းကို 'ငါ့အင်အား' ဟူ၍ အခိုင်အမာ အားကိုးတကြီး မြင်တတ်သော ဒိဋ္ဌိအမြင်သည် လည်း ကောင်း လျော့နည်းပြီး ဆရာနှင့် ဒါယကာတို့ အယူ သီလ မျှကာ မြတ်စွာဘုရား၏ သာသနာတော်ကို ရောင်ဝါနေသို့ ထွန်းအောင် ချီးမြှောက်နိုင်ကြပေလိမ့် မည်။

ဗုဒ္ဓစာပေများသည် လောက ကြီးပွားရေး အတွက် အသုံးမဝင်ဘဲ လောကုတ္တရာနှင့် တမလွန် ကြီးပွားရေးအတွက်သာ အသုံးဝင်၏ ဟူ၍ ဆိုသူများ လည်း ရှိ၏။ ထိုအဆိုမျိုးကို **'သော ပုရိသဂရယှာ၊ နသတ္တ ဂရယှာ'** အသုံးမကျခြင်းသည် အသုံးမချ တတ်သူများ၏ အပြစ်သာ ဖြစ်၏။ စာပေ၏အပြစ် မဟုတ်- ဟူ၍ ဘီစီ(၈)ရာစုက ထွန်းကားခဲ့သော ယာသကမုနိက သူ၏ကျမ်း နိရုတ္တ (၁။ ၁၄) ၌ မိန့်မှာခဲ့၏။

သို့ဖြစ်၍ အသောက၊ ဒုဋ္ဌဂါမဏိ၊ အနော်ရထာ၊ ဘိုးတော်မင်းတရား၊ မင်းတုန်းမင်း၊ ယောမင်းကြီး ဦးဘိုးလှိုင် တို့ကဲ့သို့ ဗုဒ္ဓစာပေကို ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ကာလ၌ လောကီ၊ လောကုတ္တရာ နှစ်ဖြာ သော အကျိုးစီးပွားအတွက် အသုံးချနိုင်သူများ ပေါ် ထွန်းလာနိုင်စေရန် ပုဂံခေတ်မှ စ၍ အစဉ်အလာ အရ ပညာရေးကဏ္ဍကို တာဝန်ယူခဲ့သော ရဟန်း သာမဏေများသည် ကိုလိုနီခေတ်၌ မိမိတို့ လက်လွှတ် လိုက်ရသော ဝိဇ္ဇာပိုင်းဆိုင်ရာ ပညာရေးကဏ္ဍကို ယခု

တစ်ဖန် ပြန်လည်သိမ်းပိုက်နိုင်ရန် လိုအပ်ပါ၏။ ထို ကဲ့သို့ စွမ်းဆောင်နိုင်သော ပဋ္ဌင်းကျော်၊ သာမဏေ ကျော်များကို ပဲခူးမြို့ ကြခတ်ဝိုင်း 'အဂ္ဂမဟာပဏ္ဍိတ' ဆရာတော်ဘုရားက အနာဂတ်သာသနာတော်အတွက် ပြုစုပျိုးထောင်ပေးနိုင်ပါစေကြောင်း ဆုတောင်းရင်း ဤဆောင်းပါးဖြင့် ပူဇော်အပ်ပါ၏။

[ ပဲခူးမြို့ ကြခတ်ဝိုင်း အဂ္ဂမဟာပဏ္ဍိတ
ဂုဏာဝိသိဋ္ဌပူဇာစာစောင် (၁၉၈၉) ]

# ပစ္စ ဘိညာ

ဒဿနဝေါဟာရတွင် သတိနှင့် ပစ္စဘိညာ ဟူ၍ (၂)မျိုး ရှိ၏။ သတိဟူသည် အမှတ်ရစရာ အကြောင်းကို မကြုံ ရဘဲလျက် အမှတ်ရခြင်း ဖြစ်၏။ ပစ္စဘိညာဟူသည် အမှတ်ရစရာ အကြောင်းကို ကြုံရသဖြင့် အမှတ်ရခြင်း ဖြစ်၏။ ဤ၌ ဇေတဝိကာရုံ ဆရာတော်ဘုရားကြီးနှင့် ဇေတဝိကာရုံ ကျောင်းတိုက်ကြီးကို ပစ္စဘိညာအဖြစ် မြင်မိ၏။

ဗုဒ္ဓမြတ်စွာဘုရား (၄၅)ဝါပတ်လုံး ဟောကြားတော်မူခဲ့သော သာသနာတော်သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ ဟူ၍ (၃)မျိုး ရှိ၏။ ထို (၃)မျိုးတွင် ပရိယတ္တိ သာသနာတော်သည် အခြေခံအကျဆုံး ဖြစ်၏။ ပရိယတ္တိ အပေါ်၌ ပဋိပတ္တိကို တည်ဆောက်ရ၏။ ပဋိပတ္တိ အပေါ်၌ ပဋိဝေဒကို တည်ဆောက်ရ၏။ ထို့ကြောင့် အခြေခံ ပရိယတ္တိ ပြိုလျှင် အလယ်ထပ် ပဋိပတ္တိနှင့် အပေါ်ထပ် ပဋိဝေဒတို့လည်း ရှိတော့မည် မဟုတ်။ အခြေခံ ပရိယတ္တိကို ထိန်းသိမ်း စောင့်ရှောက်ခဲ့သူများသည် သံဃာရတနာများ ဖြစ်ကြ၏။

ရာပြည့်စာအုပ်တိုက်

မြတ်စွာဘုရားရှင်၏ သာသနာတော် (၃)ရပ်လုံး ယနေ့တိုင် ကမ္ဘာပေါ်၌ တည်ရှိနေခြင်းသည် ပရိယတ္တိ သာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်တော်မူကြသော သံဃာရတနာများ၏ ကျေးဇူးကြောင့် ဖြစ်၏။ သံဃာ ရတနာများသည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိချိန်မှစ၍ ယနေ့အထိ နှစ်ပေါင်း (၂၅၀၀)ကျော်တိုင်အောင် စဉ်ဆက်မပြတ် လက်ဆင့်ကမ်း၍ ပရိယတ္တိ သာသနာတော်ကို ထိန်းသိမ်း စောင့်ရှောက်လာကြ၏။ သင်္ဂါယနာ အထပ်ထပ် တင်၍လည်း ထိန်းသိမ်းစောင့်ရှောက်ကြ၏။ ထိုသို့ ထိန်းသိမ်း စောင့်ရှောက်လာကြရာတွင် ပစ္စည်းလေးပါး ခေါင်းပါးသည့် အခါသမယကိုလည်း ကြုံရ၏။ မည်သို့ဆိုစေ အာဇာနည် သံဃာရတနာများသည် ပရိယတ္တိ သာသနာတော်ကို မပျောက်ကွယ်အောင်၊ ပရိယတ္တိသာသနာတော်ကို မယိုယွင်းအောင် ကြိုးမားသော ဇွဲလုံ့လဖြင့် တပည့်စဉ်ဆက် လက်ဆင့်ကမ်း၍ စောင့်ရှောက်ကြ၏။ ထိန်းသိမ်းကြ၏။ သီဟိုဠ်ခေတ် စဏ္ဍာလတိဿ သူပုန်ဘေးနှင့် ကြုံစဉ်က သစ်ရွက်၊ သစ်ဖု ဘုဉ်းပေး၍လည်း ပရိယတ္တိ သာသနာတော်ကို တာဝန်မပျက် ထိန်းသိမ်းစောင့်ရှောက်ကြ၏။ ထို သံဃာရတနာများကား ပြည်မြို့ ဇေတဝန်ကာရုံ ဆရာတော်ကြီးများ ကဲ့သို့သော အာဇာနည်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် သံဃာရတနာများပင် ဖြစ်၏။

ထိုသံဃာရတနာများသည် ကြည်ညိုဖွယ်

လည်း ဖြစ်၏။ ကျေးဇူးတင်ဖွယ်လည်း ဖြစ်၏။ ဘာ့ကြောင့် သံဃာရတနာများသည် ကြည်ညိုဖွယ်၊ ကျေးဇူးတင်ဖွယ် ဖြစ်ပါသနည်း။ လူတို့သည် မိမိတို့၏ နေ့စဉ်လုပ်ငန်းများ၌ မြင်တွေ့နေရသော အာရုံများကို မြင်ရုံ၊ ကြားရုံမျှဖြင့် ကျေနပ်ကြသူများ မဟုတ်၊ မိမိတို့ မြင်တွေ့ရသော အာရုံများ၏ အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုးကိုပါ ဆုံးဖြတ်ရမှ ကျေနပ်သူများ ဖြစ်ကြ၏။ နေ့စဉ် မြင်တွေ့နေရသော အာရုံများက လည်း မရေမတွက်နိုင်အောင် ရှိကြ၏။ ထို့ကြောင့် နေ့စဉ် ဆုံးဖြတ်ရသော ဆုံးဖြတ်ချက်များသည်လည်း မရေမတွက်နိုင် ရှိ၏။ ထို ဆုံးဖြတ်ချက်များသည် "အမှား" ဖြစ်ချင်လည်း ဖြစ်မည်၊ "အမှန်"ဖြစ်ချင် လည်း ဖြစ်မည်။ အမှားဖြစ်လျှင် မိစ္ဆာဒိဋ္ဌိခေါ်၍ အမှန် ဖြစ်လျှင် သမ္မာဒိဋ္ဌိဟု ခေါ်၏။ မှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ ယင်းဆုံးဖြတ်ချက်များကို "အာသယ" ဟု ခေါ်၏။

အာသယသို့ မရောက်မချင်း လူ၏ အသိစိတ် များသည် မရပ်မနား တသားတည်းသွားလျက် ရှိကြ ၏။ အာသယသို့ ရောက်မှသာ လူ၏ အသိစိတ်များ သည် ရပ်နားကြ၏။ ထို့ကြောင့် အာသယကို သတ္တဝါ တို့၏ အမြဲနေရာဌာနနှင့် တူ၏ဟူ၍ ဆိုခြင်းဖြစ်သည်။ လူတို့ နေ့စဉ်ဘဝ၌ ဈေးရောင်းသူများ ဈေးရောင်း နေသည်ကိုလည်း တွေ့ရ၏။ ထိုသို့ တွေ့သောအခါ ဈေးရောင်းသူများ ဈေးရောင်းနေကြသည် ဟူ၍သာ

ယထာဘူတအတိုင်း အမှတ်မထား၊ ထို့ထက် မို၍ ဤဈေးသည်က ကောင်းသည် ဟူ၍ လည်းကောင်း၊ မကောင်းဟူ၍ လည်းကောင်း၊ အကောင်းအဆိုးကို ဆုံးဖြတ်ကြ၏။ အခြားသော အတွေ့အကြုံများ၌လည်း ထိုနည်းအတိုင်းပင် ဆုံးဖြတ်ကြ၏။ ထိုသို့ ဆုံးဖြတ်ခြင်းသည် သတ္တဝါများ မိမိတို့၏ စားကျက်မှ အချိန်တန်ပါက အမြဲနေရာဌာနသို့ မပြန်ဘဲ မနေနိုင်သကဲ့သို့ အာရုံ၏ အကောင်းအဆိုးကို မဆုံးဖြတ်ဘဲ မနေနိုင်သောကြောင့် ဖြစ်သည်။

ဤသို့လျှင် အာရုံ၏ အကောင်း အဆိုးကို မည်သို့ ဆုံးဖြတ်သနည်း၊ အကောင်းအဆိုးကို တိုင်းတာရာ၌ 'စံ'ကား အဘယ်နည်း။ အကောင်းအဆိုးကို ဘာသာတရားဖြင့် ဆုံးဖြတ်၏။ အကောင်းအဆိုးကို တိုင်းတာရာ၌ 'စံ'ကား ဘာသာတရားဖြစ်၏။ ဥပမာအားဖြင့် နွားသတ်၍ ယဇ်ပူဇော်ရာ၌ အချို့က ကောင်းသည်ဟု ဆို၏။ အချို့က မကောင်းဟု ဆို၏။ ထိုအဆိုတရားသည် ဘာသာတရား တည်းဟူသော 'စံ'ဖြင့် တိုင်းတာ၍ ဆိုကြခြင်း ဖြစ်၏။ ထို့ကြောင့် လူတို့၏ နေ့စဉ်လုပ်ငန်းများ၌ ဘာသာတရားသည် အရေးကြီးဆုံးသော ကဏ္ဍမှ ပါဝင်၏။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် မိမိတို့၏ နေ့စဉ်လုပ်ငန်းများ၌ ဗုဒ္ဓဘာသာ တရား၏ အဆိုအတိုင်း အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ဆုံးဖြတ်ကြ၏။ ထိုသို့ ဆုံးဖြတ်ခြင်းသည် သတ္တဝါတို့၏ သန္တာန်၌

ကိန်းသော 'အာသယ' တရား၏ လွှမ်းမိုးမှုကြောင့် ဆုံးဖြတ်ခြင်း ဖြစ်သည်။

ထိုဘာသာတရားကို မည်သူများက ထိန်းသိမ်းစောင့်ရှောက်ထားသနည်း၊ ဗုဒ္ဓဘာသာအရ သံဃာရတနာများက ထိန်းသိမ်း စောင့်ရှောက်ထား၍သာ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာတရားဖြင့် မိမိတို့၏ ကာယကံဟူသော နေ့စဉ်လုပ်ငန်းများ၌ အမှားနှင့် အမှန်၊ အကောင်းနှင့်အဆိုးကို ဆုံးဖြတ်နိုင်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ပရိယတ္တိ သာသနာတော်ကို ဆောင်နေကြသော သံဃာရတနာများသည် မိမိတို့၏ အကျိုးစီးပွားအတွက် ကြည်ညိုဖွယ် ဖြစ်၏။ ကျေးဇူးတင်ဖွယ် ဖြစ်၏။ အကျိုးစီးပွား ဆိုရာ၌ လောကီအကျိုးစီးပွားနှင့် လောကုတ္တရာ အကျိုးစီးပွား (၂)မျိုးလုံး ပါဝင်၏။

သံဃာရတနာများကို ကြည်ညိုသောအခါ၊ ကျေးဇူးတင်သောအခါ ကြည်ညိုစိတ်နှင့် ကျေးဇူးတင်စိတ်သည် ပြည်မြို့ ဇောတိကာရုံ ဆရာတော်ဘုရားကြီးနှင့် ဇောတိကာရုံ ကျောင်းတိုက်မှ အစဉ် လျှောက်၍ အတိတ်ခေတ် ရဟန်းတော်များ၊ သာမဏေများနှင့် ကျောင်းတိုက်များသို့လည်း ရောက်၏။ သီဟိုဠ်ခေတ်သို့လည်း ရောက်၏။ မဇ္ဈိမ ဒေသ၌ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားနှင့် တပည့် သံဃာတော်များသို့လည်း ရောက်၏။ ထို့ကြောင့် ပြည်မြို့ ဇောတိကာရုံ ဆရာတော်ဘုရားကြီးနှင့် ဇောတိကာရုံ ကျောင်း

တိုက်ကြီးသည် ယနေ့မှ စ၍ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော် ဗုဒ္ဓရှင်တော်ဘုရား သက်တော် ထင်ရှား ရှိသော ကာလတိုင်အောင် ရတနာသုံးပါးနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါခန့်ဌ ကြည်ညိုစိတ်၊ ကျေးဇူးတင်စိတ်ကို အားအဆင့်ဆင့် ပေးသော "ပစ္စဘိညာ" အဖြစ် မြင်မိ၍ အလေးအမြတ် ပူဇော်အပ်ပါကြောင်း တင်ပြအပ်ပါသည်။

[ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ရွှေရတုမင်္ဂလာစင်း (မတ် ၁၉၈၉) ]

## ဥရောပ၌ သာသနာပြုတော်မူနေသော မြောင်းမြ ပဏ္ဍိတာရုံဆရာတော်

၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြောင်းမြ ပဏ္ဍိတာရုံ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းပါကြောင်း ကြေညာခဲ့၏။ ထိုကြေညာချက်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ စာကြည့်တိုက်မှူး ဆရာတော် မာဂဓီ (သာစည်)ကို မျက်စိထဲ၌ မြင်ယောင်လိုက်မိ၏။

ဆရာတော် မာဂဓီ (သာစည်)က လွန်လေပြီးသော နှစ်ပေါင်း အတော်ကြာ ကာလကပင် မြောင်းမြ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သင့်ကြောင်း ကျွန်တော့်အား ပြောဖူး၏။ ဆရာတော် မာဂဓီ(သာစည်)သည် မြောင်းမြ ဆရာတော်၏ အရည်အချင်းကို သိ၏။ ကျွန်တော်လည်း မြောင်းမြဆရာတော်၏ အရည်အချင်းကို သိပါ၏။ ထို့ကြောင့် ဆရာတော် မာဂဓီ(သာစည်)က ကျွန်တော်

အား အသိချင်းတူသူ ဖြစ်သဖြင့် ပြောခြင်း ဖြစ်တန်ရာ၏။

ထိုစဉ်က ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒနှင့် ပတ်သက်၍ နိုင်ငံတော် သီးခြား ဝိနည်းမိုရ်အဖွဲ့က ဝိနိစ္ဆယ ချမှတ်ရန် ဆောင်ရွက်ခဲ့ရာ မြောင်းမြ ဆရာတော်က ဝိနည်းမိုရ် အဖွဲ့ဝင်၊ မာဂဓီ(သာစည်)က စောဒက၊ ကျွန်တော်က ဥပတ္ထမ္ဘက အဖြစ်ဖြင့် အတူတွဲ၍ လုပ်ခဲ့ဖူး၏။ ထို့ကြောင့် ကျွန်တော်တို့သည် အချင်းချင်း လုပ်ငန်းသဘောအရ တရင်းတနှီး ဆက်ဆံကြရ၏။ တရင်းတနှီး ဆက်ဆံရ၍လည်း ဆရာတော် မာဂဓီ(သာစည်)သည် လည်းကောင်း၊ ကျွန်တော်သည် လည်းကောင်း မြောင်းမြဆရာတော်၏ အရည်အချင်းကို ပို၍ သိခွင့်ရခဲ့ခြင်း ဖြစ်၏။ သိခွင့်ရခဲ့၍လည်း ပို၍ သိခဲ့ပါ၏။

မြောင်းမြဆရာတော်သည် ယခု ဥရောပ၌ သာသနာပြုနေသည်ဟု သိရ၏။ ဥရောပ၌ သာသနာပြုခြင်းကား လွယ်သည် ဟူ၍လည်း ပြော၍ ရ၏၊ ခက်သည် ဟူ၍လည်း ပြော၍ ရ၏။ ဥရောပ၌ သိပ္ပံပညာ ထွန်းကားလျက်ရှိရာ သိပ္ပံပညာတို့၏ နည်းစနစ်အတိုင်း လက်တွေ့ မျက်တွေ့ စမ်းသပ်၍ ရမှ ဥရောပက လက်ခံမည် ဖြစ်၏။ မြန်မာနိုင်ငံလို သဒ္ဓါတရားကို အခြေခံ၍ လက်ခံကြမည် မဟုတ်။

ဥရောပ၌ ဓာတ်ခွဲခန်းများ ရှိ၏။ မှန်ပြောင်းများ ရှိ၏။ ဓာတ်ခွဲခန်းများ၌ ဓာတ်ခွဲ၍ စမ်း၏။ ထိုမှရသော

အဖြေကို လက်ခံ၏။ သင်္ချာဖြင့် တွက်၏။ ထိုမှရသော အဖြေကို တက္ကဗေဒဖြင့် ချင့်၍ လက်ခံ၏။ မှန်ပြောင်းများဖြင့် အာကာသကို ကြည့်၏။ ထိုမှရသော အဖြေကို လက်ခံ၏။ စက်မှုသိပ္ပံပညာရပ်များဖြင့် အာကာသယာဉ်များကို ဆောက်၏။ ဒုံးပျံများကို လွှတ်၏။ အဏုမြူများကို ထုတ်၏။ ဤသည်မှာ သိပ္ပံပညာရပ်များ၏ နည်း စနစ်အတိုင်း လက်တွေ့၊ မျက်တွေ့ စူးစမ်းချက်များမှ ရရှိသော အကျိုးကျေးဇူးများ ဖြစ်၏။ ထိုကြောင့် ဥရောပသားတို့သည် လက်တွေ့၊ မျက်တွေ့ကို များစွာ မှီငြမ်းပြုကြသည်။

ခန္ဓာဗေဒပညာအရ စိတ်၏မှီရာကို ဦးနှောက်ဟု ဆိုသူများက ဆိုကြ၏။ နှလုံးဟု ဆိုသူများကလည်း ဆိုကြ၏။ ဦးနှောက်လည်း မဟုတ်၊ နှလုံးလည်း မဟုတ်ဟု ဆိုသူများကလည်း ဆိုကြ၏။ မည်သို့ပင် ဆိုစေ၊ ဥရောပသားတို့ ဆိုကြသော အဆိုများသည် သိပ္ပံနည်းအရ လက်တွေ့ မျက်တွေ့ စမ်းသပ်ပြီး၊ တိုင်းထွာပြီး၊ တွက်ချက်ပြီး ကိုယ်တိုင် မြင်တွေ့ပြီးမှ ပြောသော အဆိုများ ဖြစ်၏။ သို့ရာတွင် သူတို့ ကြည့်သော မျက်စိသည် 'ပကတိမျက်စိ'ဖြစ်၏။ သူတို့ အသုံးပြုသော မှန်ပြောင်းသည် 'ရုပ်ဝတ္ထု'မှန်ပြောင်း ဖြစ်၏။ သူတို့အသုံးပြုသော ဓာတ်ခွဲခန်းနှင့်ဆိုင်ရာ ပစ္စည်းများ၊ ကိရိယာများသည်လည်း 'ရုပ်ဝတ္ထု'များပင် ဖြစ်၏။ ထို့ကြောင့် သူတို့၏ မျက်တွေ့၊ သူတို့၏ လက်တွေ့သည် 'ကိုယ်ကျင့်တရား'အပေါ်၌ လုံးဝ အခြေမခံဘဲ

ရုပ်ကိုရိယာများ အပေါ်၌သာ အခြေခံသော သာမန် မျက်တွေ့နှင့် သာမန်လက်တွေ့သာ ဖြစ်၏။ ထိုပုဂ္ဂိုလ်များမှ သိပ္ပံပညာကို နုတ်လိုက်လျှင် ကိုယ်ကျင့် သိက္ခာအရ သာမန်လမ်းပေါ်က လူများနှင့် ဘာမျှ ခြားနားမှု မရှိ။

ကိုယ်ကျင့်သိက္ခာ မြင့်မားရေးနှင့် ပတ်သက်၍လည်း ဒဿန ပညာရှင်များက လောကအတွက် ဘာမျှ ထိထိရောက်ရောက် မဆောင်ရွက်နိုင်။ ဒဿန ပညာရှင်များ ကိုယ်တိုင်ကလည်း လောဘတန်းလန်း၊ ဒေါသတန်းလန်း၊ မောဟ တန်းလန်းနှင့် ဖြစ်လေရာ လောကအတွက် အဘယ်သို့လျှင် ငြိမ်းချမ်းသာယာမှုကို ဖန်တီးပေးနိုင်ပေလိမ့်မည်နည်း။ ထို့ကြောင့် လက်ရှိ ဒဿန ပညာရပ်များနှင့် ပတ်သက်၍ Professor Jose Ferrater Mora က "Anarchy of Philosophical Systems" တောင်ရောက်မြောက်ရောက် ဒဿနစနစ်များဟု ဆိုပြီး အမျိုးအမည် (၂၄)မျိုးကို သူ၏ Philosophy Today, New York, 1960, P.65 စာအုပ်၌ ဖော်ပြထားသည်ဟု ဆို၏။

သို့ဖြစ်လျှင် ဥရောပသားတို့သည်လည်း လမ်းပေါ်က သာမန်လူများအတိုင်း လိုချင်စရာကို တွေ့လျှင် လိုချင်၏။ စိတ်ဆိုးစရာကို တွေ့လျှင် စိတ်ဆိုး၏။ မောက်မာစရာ ရှိလျှင် မောက်မာ၏။ ရက်စက်စရာ ရှိလျှင် ရက်စက်၏။ သို့ရာတွင် ပို၍ ခက်သည်ကား "သူတို့လိုချင်သော အရာသည် 'အကျုမြဲ' ဖြစ်၏။

'အဏုမြူ' များများပိုင်လျှင် များများချမ်းသာမည်" ဟု သူတို့ထင်ကြခြင်း ဖြစ်၏။ ထိုအထင်သည် ယနေ့ မျက်မှောက် ကမ္ဘာအတွက် သောကရောက်စရာ အကောင်းဆုံး ဖြစ်၏။ စစ်မှန်သော ချမ်းသာဟူသည် ရုပ်ဝတ္ထုများ၏ အမည်လည်း မဟုတ်၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများ၌လည်း မတည်။ ဤသဘောကို သူတို့ မသိကြ။

ထိုကြောင့် မြတ်စွာဘုရားက **အန္ဓီဘူတော အယံလောကော**– ဤလောကသည် အမိုက်အတိ ပြီး၏၊ သို့မဟုတ် အကန်းဖြစ်၏ဟု ဟောတော်မူခြင်း ဖြစ်၏။ သို့ဖြစ်လေရာ စစ်မှန်သော ချမ်းသာကို မြင်နိုင်လေအောင် မျက်စိတပ်ဆင်ပေးဖို့ လို၏။ ထိုမျက်စိကား ရိုးရိုးမျက်စိမဟုတ်၊ ဉာဏ်မျက်စိဖြစ်၏။ ဉာဏ်မျက်စိ တပ်ဆင်နည်းသည် ဗုဒ္ဓဒေသနာတော်၌ ရှိ၏။ ထိုနည်းကို 'ဝိပဿနာ' ဟု ခေါ်၏။ ဝိပဿနာဖြင့် ဉာဏ်မျက်စိကို ရလျှင် လောကကို အမှန်အတိုင်း သိ၏။ အမှန်အတိုင်း မြင်၏။ ထိုအမြင်ကား သိပ္ပံဆရာတို့ မြင်သော အမြင်ထက် ပို၍ တိကျ၏။ ပို၍ မှန်ကန်၏။ အလွယ်ကူဆုံး ပြယုဂ်အနေဖြင့် ပြောရလျှင် 'သိစိတ်' သည် ဦးနှောက်ကို မှီသလား၊ နှလုံးကို မှီသလား ဟူသော ပြဿနာသည်ပင် ပဋ္ဌိပတ္တိ နယ်ပယ်၌ မရှိ၊ ကိုယ်တိုင် တရားအားထုတ်ကြည့်မှ အပ်ကျမပ်ကျ ကိုယ်တိုင်မြင်လာ၏။ သူပြော၊ လူပြော

မဟုတ်။ မိမိသည်ပင်လျှင် Authority ဖြစ်၏။ အခြား Authority မရှိ။

ပကတိ မျက်စိဖြင့် အရာဝတ္ထုကို ကြည့်၍ မြင်သကဲ့သို့ ဝိပဿနာ ဉာဏ်မျက်စိဖြင့် နှလုံးကို ကြည့်၍ မြင်၏။ နှလုံး၌ရှိသော 'မနောအကြည်' မှ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မြင်၏။ သမထစွမ်းအင်ဖြင့် ကြည့်သူများ အနေဖြင့်မူ နှလုံး၌ ရှိသော 'မနော အကြည်' မှ ယနေ့ မြန်မာနိုင်ငံ၌ အတိတ်ဘဝ (၁၁) ဘဝတိုင်အောင် မြင်စွမ်းနိုင်သော ယောဂီတစ်ဦးကို တွေ့ဖူး၏။ ကမ္မဋ္ဌာန်းပြသော ဆရာတော်ကိုလည်း မေးမြန်းလျှောက်ထားဖူး၏။ သို့ဖြစ်၍ ယင်းပြဿနာ သည် ပဋိပတ္တိနယ်ပယ်၌ မရှိဟု ဆိုခြင်း ဖြစ်၏။ စက်မှုသိပ္ပံ ပညာရပ်ဖြင့် အဏုမြူကို ခွဲစိတ်၍ စွမ်းအင် ကို ဖော်ထုတ်နိုင်သလို၊ ဝိပဿနာဉာဏ်ဖြင့် ခန္ဓာကိုယ် ကို ဖောက်ထွင်း၍ နှလုံးရှိ 'မနောအကြည်'မှ ရုပ်နာမ် ကို ရှု၍ရ၏။ သိပ္ပံဆရာတို့၏ ရုပ်ဝတ္ထု မှန်ပြောင်း လို ယောဂီတို့၏ သမာဓိ မှန်ပြောင်းသည် အားကောင်း ၏။ နေမင်း၏ အလင်းရောင်သည် တောက်ပသလို ကိလေသာ ပါးလွှာသော ဘဝင်စိတ်၏ အလင်းရောင် လည်း တောက်ပ၏။ ထို့ကြောင့် သိပ္ပံဆရာသည် ပကတိ အရာဝတ္ထုများကို ပကတိ မျက်စိဖြင့် အတိုင်း သား မြင်ရသလို၊ ယောဂီ ပုဂ္ဂိုလ်သည် ရုပ်နာမ်ကို ဉာဏ်မျက်စိဖြင့် အတိုင်းသား မြင်ရ၏။ ဤသည်မှာ ပဋိပတ္တိ နယ်ပယ်၌ လက်တွေ့ ကျင့်ကြံပွားများ၍

ဆိုင်ရာဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိတော်မူပြီး ကြသော ပုဂ္ဂိုလ်မြတ်များ၏ လက်တွေ့၊ မျက်တွေ့ အဆိုအမိန့်များ ဖြစ်၏။ စာတွေ့သက်သက် မဟုတ်။

သို့ရာတွင် ထိုကဲ့သို့ ရုပ်နာမ်များကို လည်း ကောင်း၊ အတိတ်ဘဝများကို လည်းကောင်း မြင်နိုင် သော ဉာဏ်မျက်စိ ရဖို့ကား လွယ်ကူသည် မဟုတ်။ ကိုယ်ကျင့်သိက္ခာကို ဖြူစင်အောင် ရှေးဦးစွာ အားထုတ် ရ၏။ ထိုနောက် သမာဓိကို ပွားရ၏။ ကြိမ်ဖန်များစွာ ပြုရ၏။ ထိုအခါမှ လောကီမဂ္ဂင်(၅) ပါးသည် ဉာဏ် မျက်စိ အမြင်ဖြင့် ရင့်၍ ရင့်၍ လာကာ ကြည်၍ ကြည်၍ လင်းလာမည် ဖြစ်၏။ ထိုသို့ ဖြစ်လာအောင် လည်း ကြိမ်ဖန်များစွာ ပွားရ၏။ ကြိမ်ဖန်များစွာ ပြုရ၏။ ကြိမ်ဖန်များစွာ ပွား၍ ကြိမ်ဖန်များစွာ ပြုသော အခါ ဗောဓိအဆင့်သို့ ရောက်လျှင်ပင် ပီတိ၊ ပဿဒ္ဓိ တို့၏ အရသာကို ခံစားရ၏။ လောကုတ္တရာ အဆင့်သို့ ရောက်လျှင်ကား အဘယ်ဆိုဖွယ်ရာ ရှိပါတော့မည် နည်း။ ဒုစရိုက် တရားများ ချုပ်ငြိမ်း၍ သုစရိုက်တရား များနှင့် ပညာကြီးယာ တရားများ ဖြစ်ထွန်းပေါ်ပေါက် ကာ ဤကမ္ဘာလောကသည် မည်မျှလောက် နေချင် စဖွယ် ကောင်းအောင် ငြိမ်းချမ်းနေပေလိမ့်မည်နည်း။

ဥရောပ၌ သာသနာပြုသောအခါ ဤသဘော များ ပေါ်လာအောင် ပြုနိုင်ဖို့ လို၏။ ဤသဘောများ ပေါ်လာမှလည်း သူတို့ ယခင်က ချမ်းသာဟု ထင်ခဲ့

သော အထင်များသည် တက်တက်စင် လွဲခဲ့ကြောင်း၊ အမှန်အားဖြင့် ဒုက္ခများသာ ဖြစ်ကြောင်း လက်တွေ့ မျက်တွေ့ မြင်သိလာမည် ဖြစ်၏။ စစ်မှန်သော ချမ်းသာကိုလည်း လက်တွေ့၊ မျက်တွေ့ ကြုံလာမည် ဖြစ်၏။

မြောင်းမြဆရာတော်သည် ဥရောပ၌ ဤသဘောမျိုး ပေါ်လာအောင် သာသနာပြုနိုင်သော အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်၏။ ဥရောပ၌ သာသနာပြုရာတွင် ပရိယတ္တိနှင့် ပြည့်စုံဖို့လည်း လို၏။ ပရိယတ္တိ၌ 'ဝါ' သဒ္ဒါ တစ်လုံးတည်းကိုပင် အနက်မှန်ကို မကောက်ယူတတ်ပါက ပဋိပတ္တိ၌ ကျင့်စဉ် မမှန်တော့ဘဲ တောရောက် တောင်ရောက် ကမောက်ကမကို ဖြစ်စေနိုင်၏။ ထို့ကြောင့် ပရိယတ္တိနှင့် ပြည့်စုံဖို့ဟူသည် သာမန် သမားရိုးကျ ပြည့်စုံမှုကို ဆိုလိုသည် မဟုတ်။ ဘာသာရပ်ချင်း နှိုင်းယှဉ်လေ့လာသော စနစ်ဖြင့် တတ်ကျွမ်းမှုမျိုးကို ဆိုလိုခြင်း ဖြစ်၏။ အမှန်အားဖြင့် ပါဠိဘာသာနှင့် စာပေကို တကယ်တမ်း တတ်ကျွမ်းလိုပါက ပါဠိဘာသာနှင့် ယင်း၏ မိသားစု ဘာသာများ ဖြစ်သော ရှေးဟောင်း ဝေဒ၊ သက္ကတ၊ ပါကဋ္ဌ စသော ဘာသာများကိုလည်း တတ်ကျွမ်းဖို့ လို၏။ ခေတ်သစ် ဟိန္ဒီ၊ ဘင်္ဂါလီနှင့် မိမိ သာသနာပြုရာ တိုင်းပြည်၏ဘာသာနှင့် ယင်း၏ မိသားစု ဘာသာများကိုလည်း တတ်ကျွမ်းဖို့ လို၏။ သို့မှသာ ပါဠိဘာသာကို သမိုင်းအမြင်မှ လည်းကောင်း၊ ဒဿန

အမြင်မှ လည်းကောင်း နားလည်နိုင်မည် ဖြစ်၏။ ထိုသို့ နားလည်ရန်လည်း အမှန်ပင် လိုအပ်ပါ၏။

ပရိယတ္တိမှ ပဋိပတ္တိသို့ ကူးပြောင်းရာတွင် မြတ်စွာဘုရား၏ အလိုတော်ကျအတိုင်း အနက် အဓိပ္ပာယ်ကို ကောက်ယူနိုင်ရန် များစွာ အရေးကြီး၏။ မြတ်စွာဘုရား၏ အလိုတော်ကျအတိုင်း အနက် အဓိပ္ပာယ်ကို ကောက်ယူနိုင်ရန် မူရင်း ပါဠိဘာသာကို မြင်ထောင့်မျိုးစုံမှ တတ်ဖို့လို၏။ ထို့အပြင် ပရိယတ္တိကို ကျွမ်းကျင်ရုံနှင့် မပြီးသေးဘဲ ကိုယ်တိုင် ပဋိပတ္တိကို အားထုတ်ဖို့လည်း လို၏။ ပရိယတ္တိသည် သဘော တရားဖြစ်၍ ပဋိပတ္တိသည် လက်တွေ့ဖြစ်၏။ တကယ် တမ်း အရည်အချင်းပြည့် သာသနာပြုပုဂ္ဂိုလ်မည်သည် သဘောတရားနှင့် လက်တွေ့ကို အံဝင်ခွင်ကျ ညှိပြီး သား ဖြစ်ရပေမည်။ သို့မှသာ 'ဧဟိပဿိကော' ဟူသော တရားဂုဏ်တော်အရ ရုပ်နှင့် နာမ်တို့က 'လာပါ၊ ကြည့်စမ်းပါ၊ ငါတို့သည် ခဏတိုင်း ခဏ တိုင်း ဖြစ်နေ၊ ပျက်နေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ တွေပါ' ဟု ပြောသည်ကို ကြားရာ ရောက်ပေလိမ့်မည်။ 'သန္ဒိဋ္ဌိကော' ဟူသော ဂုဏ်တော်အရ လောကီမဂ္ဂင် (၅)ပါးမှ တဖြည်းဖြည်း ရင့်၍ ရင့်၍ နောက်ဆုံး မဂ္ဂင် (၈)ပါးဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင်မြင်ရာ ရောက်ပေ လိမ့်မည်။

သို့ဖြစ်၍သာ ရှင်ကောဏ္ဍညက 'အပရပ္ပစ္စ ယော' ဟု ဓမ္မစက္က ပဝတ္တနသုတ်၌ မြတ်စွာဘုရားအား

လျှောက်ထားခြင်း ဖြစ်၏။ 'အပရပ္ပစ္စယော' ဟူသည် တရားတော်ကို သူများ ပြောဖြင့် သိခြင်း အဆင့်မျှ မဟုတ်ပါ။ စာသိ ပေသိ အဆင့်မျှ မဟုတ်ပါ။ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့မျက်တွေ့ သိခြင်းမျိုး ဖြစ်၏ ဟူ၍ အဓိပ္ပာယ်ရ၏။ ထို့ကြောင့် အရည်အချင်း ပြည့် သာသနာပြုပုဂ္ဂိုလ်သည် ပရိယတ္တိနှင့် ပဋိပတ္တိ (၂)မျိုးနှင့် အနည်းဆုံး ပြည့်စုံဖို့ လို၏ ဟူ၍ ဆိုခြင်း ဖြစ်၏။ အမှန်အားဖြင့် ဥရောပ၌ သာသနာပြုတော် မူနေသော မြောင်းမြ ပဉ္စောတာရုံ ဆရာတော်သည် အထက်ဖော်ပြပါ သာသနာပြု ပုဂ္ဂိုလ်တို့၏ အရည် အချင်းနှင့် ပြည့်စုံသူ ဖြစ်ကြောင်း ဆရာတော် မာဂဓီ (သာစည်)လည်း သိ၏။ ကျွန်တော်လည်း သိ၏။ ထို့ကြောင့် ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခြင်းသည် နိုင်ငံ တော် အစိုးရအနေဖြင့် 'ပူဇာစ ပူဇနေယျာနံ' ဟူသော မင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးရာ ရောက်ပါ ကြောင်း ဖော်ပြအပ်ပါ၏။

[ ကမ္ဘာ့ ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဘာသန္တရဆောက မြောင်းမြ ပဉ္စောတာရုံဆရာတော် အရှင်ဥာဏိက(အင်္ဂလန်) ပူဇော်ပွဲ အထိမ်းအမှတ်စာစောင်။ (မတ် ၁၉၉၁) ]

## ဩဇာ ပြောက်ထားပါရစေ

သာဂါရာ အနာဂါရာစ၊
ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမ မနုတ္တရံ။

ဤဂါထာကို စိတ်က ရွတ်ဆိုမိတိုင်း ရှေးမြန်မာနိုင်ငံတော်ကို အမှတ်ရမိ၏။ ရှေးခေတ် မြန်မာနိုင်ငံတော်ဆိုသည်မှာ ပုဂံခေတ်မှ ကုန်းဘောင်ခေတ် တိုင်အောင်သော ကာလအတွင်း တည်ရှိခဲ့သော မြန်မာနိုင်ငံတော်ဖြစ်သည်။ ထိုကာလအတွင်း နေထိုင်ခဲ့ကြသော မြန်မာနိုင်ငံသားတို့၏ ဘဝသည် ချမ်းမြေ့ဖွယ် ကောင်းလှပါ၏။ သူတို့၏ ဘဝသည် သန္တုဋ္ဌိ မင်္ဂလာနှင့် ပြည့်စုံသော ဘဝ ဖြစ်ခဲ့၏။ သန္တုဋ္ဌိမင်္ဂလာနှင့် ပြည့်စုံခြင်းကြောင့်လည်း သူတို့၏ ဘဝသည် ချမ်းမြေ့ခြင်းဖြစ်၏။

လုပ်ငန်းနှင့် ပတ်သက်လျှင် သူတို့သည် အရိုးကျေကျေ အရေခန်းခန်း စစ်ကိုလည်း တိုက်ကြ၏။ စီးပွားရေးကိုလည်း လုပ်ကြ၏။ သူတို့၏ ဝီရိယကား

အံ့ဖွယ်ရှိပေစွာ၊ စစ်ကိုတိုက်ရာတွင် နိုင်သည်လည်း ရှိ၏။ ရှုံးသည်လည်း ရှိ၏။ နိုင်သော်လည်း မာန မထောင်၊ ရှုံးသော်လည်း စိတ်ဓာတ်မကျ၊ သူတို့သည် လောကဓံကို သိကြ၏။ သူတို့သည် နိုင်ငံတော်အတွက်သာ အလုပ် လုပ်သူများ ဖြစ်ကြ၏။ မိမိတို့အတွက် အလုပ် လုပ်သူများ မဟုတ်ကြ၊ နိုင်ငံတော်အတွက် ဥဒ္ဒာနသမ္မဒါနှင့်အညီ မလျှော့သောဇွဲဖြင့် ရနိုင်သမျှ ရအောင် ယူကြပြီး သူတို့အတွက်မူ ရောင့်ရဲနိုင်သမျှ ရောင့်ရဲကြသူများ ဖြစ်ကြ၏။ သီဟိုဠ်ခေတ်၌လည်း ဒုဋ္ဌဂါမဏိ မင်းကြီးက သူ အဆင်းရဲခံခြင်းသည် သာသနာတော်အတွက် အဆင်းရဲခံခြင်း ဖြစ်သည်၊ သူ့အတွက် အဆင်းရဲခံခြင်း မဟုတ်ဟု ဆိုဖူး၏။ သာသနာတော်အတွက် ဆိုသည်မှာ နိုင်ငံတော်အတွက်နှင့် လောကအတွက်ပင် ဖြစ်၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည် သဗ္ဗညုတ ဉာဏ်တော်ကို ရအောင် ယူခဲ့ခြင်းမှာ မိမိအတွက် ဘုရားဖြစ်ချင်၍ ယူခြင်း မဟုတ်၊ ဝေနေယျသတ္တဝါများအတွက် ဘုရားဖြစ်ချင်၍ သဗ္ဗညုတ ဉာဏ်တော်ကို ရအောင် ယူခဲ့ခြင်း ဖြစ်၏။

အနာခံမှုသည် မိမိအတွက်ဖြစ်၍ အသာစံမှုသည် နိုင်ငံတော်အတွက်နှင့် လောကအတွက် ဖြစ်သည်ဟူသော အမြင်နှင့် အကျင့်ကို ထိုမြန်မာနိုင်ငံသားတို့သည် မည်သူ့ထံမှ ရပါလေသနည်း။ ဤမေးခွန်းကို ဖြေလျှင် ပုဂံခေတ် ရှင်အရဟံနှင့် ဘုရင် အနော်ရထာမှ

စ ရမည် ဖြစ်၏။ **"အန္ဓီဘူတော အယံ လောကော"** အရ အနော်ရထာ မင်းတရားသည် ရှင်အရဟံနှင့် မတွေ့မီက အကန်းဖြစ်၏။ အကန်းဖြစ်သဖြင့် အကန်း တို့၏ ဓမ္မတာအတိုင်း သူသည် ဘဝခရီးကို လျှောက် ရာတွင် တိုက်ချင်ရာ တိုက်မိလေ၏။ စစ်ရေးစစ်ရာ၌ လည်း သူသည် တိုက်ချင်ရာကို တိုက်မိ၏။ သူတစ်ပါး ၏ အကျိုးစီးပွားကို သူ မမြင်၊ တိုက်ချင်သလို တိုက် မိ၏။ စီးပွားရေးရာ၌လည်း တိုက်ချင်သလို တိုက်မိ၏။ သူတစ်ပါး၏ အကျိုးစီးပွား ထိခိုက်မှာကို သူ မမြင်၊ တိုက်ချင်သလို တိုက်မိ၏။ အမှန်အားဖြင့် သူ့မှာ မျက်စိ မရှိ။ သူသည် အကန်းဖြစ်၏။ ရှင်အရဟံနှင့် တွေ့သောအခါ အနော်ရထာမင်းတရားသည် အကန်း မဟုတ်တော့။ ရှင်အရဟံ ထံမှ မျက်စိကို ရလေပြီ။ ရှင်အရဟံက အနော်ရထာမင်းတရားအား မျက်စိကို ပေး၏။ ရှင်အရဟံ ပေးသော မျက်စိကား ဗုဒ္ဓဘာသာ မျက်စိ ဖြစ်၏။ ယခုဆိုလျှင် အနော်ရထာမင်းတရား သည် ဗုဒ္ဓဘာသာမျက်စိဖြင့် လောကကို ကြည့်တတ်ပြီ။ ဗုဒ္ဓဘာသာမျက်စိဖြင့် စစ်ကိုလည်း တိုက်တတ်ပြီ။ စီးပွားရေးကိုလည်း လုပ်တတ်ပြီ။ နိုင်ငံတော်ကိုလည်း ထူထောင်တတ်ပြီ။ မျက်စိအမြင် ရှိလာပြီ ဖြစ်သဖြင့် ဘာကိုကြည့်ကြည့် ရှင်းရှင်းလင်းလင်း မြင်လေ၏။ စစ်ကိုပဲတိုက်တိုက်၊ စီးပွားရေးကိုပဲလုပ်လုပ်၊ နိုင်ငံတော် ကိုပဲ ထူထောင်ထူထောင် သူတစ်ပါး၏ အကျိုးစီးပွား ကို ထိခိုက်အောင် သူ မလုပ်တော့။ သူတစ်ပါး၏

အကျိုးစီးပွား အတွက်သာ သူ လုပ်တော့၏။ သူ၏ နိုင်ငံသားတို့သည်လည်း သူ၏ ခြေလှမ်းအတိုင်း လိုက်ကြ၏။ သူတို့သည် သူတို့၏ ဘုရင်မင်းမြတ်နည်းတူ သူတို့ ခံစားဖို့ လုပ်ကြသည် မဟုတ်။ နိုင်ငံတော်ကို ပံ့ပိုးဖို့၊ အမျိုးသားများကို ပံ့ပိုးဖို့၊ လောကကို ပံ့ပိုးဖို့ လုပ်ကြခြင်း ဖြစ်၏။ သူတို့သည် သူတို့၏ ဘဝခရီးကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်တတ်ကြပြီ။ သူတို့သည် ပတ်ဝန်းကျင်ရှိ မည်သူကိုမျှ မတိုက်ခိုက်မိတော့။ သူတို့သည် အကန်းမဟုတ်၊ သူတို့သည် ဗုဒ္ဓဘာသာ မျက်စိကို ရခဲ့ကြလေပြီ။ ဘဝခရီးကို ဖြောင့်ဖြောင့် တန်းတန်း လျှောက်ခြင်း ဟူသည်မှာ လောက၌ အစမွအပေါ် ဓမ္မက အနိုင်ရအောင် ဆောင်ရွက်ခြင်း ဖြစ်၏။ ယင်းကိုပင် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားခြင်း ဟူ၍ ဆိုရ၏။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားသည်နှင့်အမျှ သာသနာတော်နှင့်အညီ ကျင့်ကြံလိုက်နာ နေထိုင်သူတို့၏ ဘဝသည် ငြိမ်းချမ်း ပေလိမ့်မည်။

အမှန်အားဖြင့် မြန်မာနိုင်ငံသားတို့သည် ကုန်းဘောင်ခေတ် ဆုံးသည့်တိုင်အောင် ဗုဒ္ဓဘာသာမျက်စိဖြင့် လောကကို ကြည့်တတ်သူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့၏ ဘဝသည် ငြိမ်းချမ်း၏။ သူတို့သည် သူတို့၏ဘဝကို အမြင့်ဆုံးဖြစ်အောင် ကြိုးပမ်းကြ၏။ သို့ရာတွင် ထိုသို့ ကြိုးပမ်းရာမှ ရရှိလာသော အကျိုးများကို ခံစားရာ၌မူ သူတို့သည် ရောင့်ရဲနိုင်သမျှ

ဖြင့် ရောင့်ရဲကြ၏။ သူတို့ ခံစားရာ၌မူ သူတို့သည် နဖူးမှချွေး ခြေမ ကျအောင် ကြိုးစား၍ ရာကြ၏။ သို့ရာတွင် သူတို့ ခံစားလို၍ ရှာခြင်းမဟုတ်၊ ပေးကမ်း စွန့်ကြဲလို၍ ရှာခြင်းဖြစ်၏။ များများရလေ များများ စွန့်ကြဲနိုင်လေ ဟူသော သဘောကို သူတို့ သိကြ၏။ အယုတ်အားဖြင့် အိမ်ထောင်ပြုရာ၌ပင် ကာမဂုဏ်ကို ခံစားလို၍ ပြုခြင်းမဟုတ်၊ နိုင်ငံတော်အတွက်၊ လောက အတွက် အကျိုးပြုနိုင်မည့် သားကောင်း သမီးကောင်း များကို ရလို၍ ပြုခြင်း ဖြစ်၏။

ထိုခေတ် မြန်မာနိုင်ငံသားတို့သည် အချင်းချင်း စည်းလုံးကြ၏။ သူတို့၏ စည်းလုံးမှုသည်လည်း ကျစ်လျစ်သိပ်သည်းလှ၏။ သူတို့သည် အမြင်ချင်း လည်း တူကြ၏။ အကျင့်ချင်းလည်း တူကြ၏။ အမြင် အကျင့် တူခြင်းကို ဒိဋ္ဌိသီလသာမညဟု ဆို၏။ အမှန် အားဖြင့် စည်းရုံးရာ၌ တစ်ဦးနှင့်တစ်ဦး အမြင်ချင်း တူပါမှ၊ အကျင့်ချင်း တူပါမှ စည်းရုံး၍လည်း ရ၏။ စည်းရုံးရေးသည်လည်း ကျစ်လျစ်သိပ်သည်း၏။ သူတို့၏ အမြင်ကား ဗုဒ္ဓဘာသာအမြင် ဖြစ်၏။ သူတို့ ၏ အကျင့်ကား ဗုဒ္ဓဘာသာအကျင့် ဖြစ်၏။ ဗုဒ္ဓ ဘာသာ အမြင်နှင့် ဗုဒ္ဓဘာသာအကျင့် ဟူသည်ကား အသာစံခြင်းနှင့် အနာခံခြင်း နှစ်မျိုးတို့တွင် အနာ ခံခြင်း၌ အလှကို မြင်တတ်သော အမြင်နှင့် မြတ်နိုး သော အကျင့် ဖြစ်၏။

မြန်မာနိုင်ငံတော် သူတစ်ပါးလက်အောက်သို့

ရောက်သွားသော အချိန်မှ စ၍ ဗုဒ္ဓဘာသာမျက်စိ ကွယ်ခဲ့ကြ၏။ တလွဲမျက်စိကို ရခဲ့ကြ၏။ တလွဲမျက်စိ ဟူသည်ကား အသာစံခြင်းနှင့် အနာခံခြင်း နှစ်မျိုး တို့တွင် အသာစံခြင်း၌ အလှကိုမြင်၍ ယင်းအလှကို မြတ်နိုးတတ်သော မျက်စိဖြစ်၏။ ထိုကြောင့် မြန်မာ နိုင်ငံသားတို့သည် အကန်းသဖွယ် ဖြစ်ကြပြန်၏။ အကန်းသဖွယ် ဖြစ်သည့်အလျောက် ဘဝခရီးကို လျှောက်ရာ၌ တိုက်မိချင်သလို တိုက်မိကြပြန်၏။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ကိုယ်ကချည်း အသာစီး ယူချင်၏။ ဤသည်မှာ သူတစ်ပါး ထိခိုက် အောင် တိုက်ခြင်းဖြစ်၏။ ယနေ့ မြန်မာနိုင်ငံ၌ တိုက်သံ ခိုက်သံများကို သောသောညံအောင် ကြားနေရ၏။ ထို့ကြောင့် အဘိဓဇ မဟာရဋ္ဌဂုရု တွံဖက် ရွှေကျင် သာသနာပိုင်တစ်ဆူ ဖြစ်တော်မူသော သပြေကန် ဆရာတော်အား လျှောက်ထားပါ၏။ တလွဲမျက်စိများ ဖြင့် လောကကို ကြည့်နေသောကြောင့် အကန်းသဖွယ် ဖြစ်နေကြသော မြန်မာနိုင်ငံသားတို့အား ရှင်အရဟံက ဗုဒ္ဓဘာသာ မျက်စိကို ပုဂံသားတို့အား ပေးခဲ့သလို ကျေးဇူးရှင် ဆရာတော်ဘုရားမှ ပေးတော်မူရန် ဖြစ်ပါ သည် ဘုရား။

[ အဘိဓဇ မဟာရဋ္ဌဂုရု တွံဖက် ရွှေကျင်သာသနာပိုင် သပြေကန်ဆရာတော်ဘုရားကြီး ထေရုပ္ပတ်ရည်စာစောင် (၁၉၉၃) ]

## မင်္ဂလာဗျူဟာ သာသနာစောင့်ရှောက် စာတော်ပြန်ပွဲ
## အနုမောဒနာမှတ်တမ်း နိဒါန်းများ

## (၁)

**"သာဂါရာ အနာဂါရာစ၊ ဥဘော အညောည နိဿိတာ"** ဟူသည်နှင့်အညီ ဗုဒ္ဓဘာသာနိုင်ငံများ၌ ဆရာနှင့် ဒါကာတို့ အချင်းချင်း လက်တွဲပြီး မြတ်စွာဘုရားရှင်၏ သာသနာတော်ကို သန့်ရှင်းအောင်၊ တည်တံ့အောင်၊ ပြန့်ပွားအောင် ဆောင်ရွက်ကြ၏။ ထိုသို့ဆောင်ရွက်ရာတွင် ဆရာများဘက်က ဓမ္မဒါနဖြင့် တာဝန်ယူရ၏။ ဒါယကာများဘက်က အာမိသဒါနဖြင့် တာဝန်ယူရ၏။ ဓမ္မဒါနဖြင့် တာဝန်ယူခြင်းဟူသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်များကို သင်္ဂါယနာတင်ခြင်းအားဖြင့်ဖြစ်စေ၊ သင်အံပို့ချခြင်းအားဖြင့် ဖြစ်စေ ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ဖြင့် ဆောင်ရွက်ခြင်း ဖြစ်၏။ အာမိသဒါနဖြင့် တာဝန်ယူခြင်း ဟူသည်မှာ ဓုရနှစ်မျိုးဖြင့် ဆောင်ရွက်နေသော သံဃာတော်များအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းခြင်း ဖြစ်၏။ ဤသို့လျှင် ဆရာနှင့် ဒါယကာတို့သည် တာဝန်ကိုယ်စီဖြင့် မြတ်စွာဘုရား၏ သာသနာတော်ကို သန့်ရှင်းအောင်

အားထုတ်ကြ၏။ တည်တံ့အောင် ကြိုးပမ်းကြ၏။ ပြန့်ပွားအောင် ဆောင်ရွက်ကြ၏။

ထိုသို့ ဆရာနှင့်ဒကာ ဆောင်ရွက်ခဲ့ကြသည်ကို ရှေးခေတ် မဇ္ဈိမဒေသ၌လည်း တွေ့ရ၏။ သီဟိုဠ်၌လည်း တွေ့ရ၏။ မြန်မာနိုင်ငံ၌လည်း တွေ့ရ၏။ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်၊ ဂျပန် စသောနိုင်ငံများ၌လည်း တွေ့ရ၏။ သို့ရာတွင် ယနေ့ခေတ်၌ ဗုဒ္ဓသာသနာတော်သည် မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၌သာ ကျန်ရှိတော့၏။ အခြားသော ဒေသများ၌ ကွယ်ပျောက်သလို ရှိတော့၏။ တစ်ချိန်က ဗုဒ္ဓသာသနာ ထွန်းကားခဲ့ပါလျက် နောက်ပိုင်း ကွယ်ပျောက်သွားရာတွင် ဆရာနှင့်ဒါယကာ နှစ်ဦးတို့အနက် မည်သူ့ဘက်က တာဝန်ပျက်ကွက်မှုသည် ပဓာနကျကြောင်း အခိုင်အမာဆိုရန် ခက်သော်လည်း နှစ်ဖက်စလုံး၌ အထိုက်အလျောက် တာဝန်ပျက်မှု ရှိကြောင်းကိုမူ ဆိုနိုင်ပါသည်။

အခြားသော ဗုဒ္ဓဘာသာ နိုင်ငံများ၌ ဗုဒ္ဓ၏ အဆုံးအမဖြစ်သည့် ဗုဒ္ဓသာသနာတော် တိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် ပတ်သက်၍ မဆိုဘဲ မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော် နိမ့်တုံမြင့်တုံ ဖြစ်သည့်သဘောကို ယေဘုယျခြုံ၍ ဆိုရလျှင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ် တိုင်အောင်သော ကာလအတွင်း၌ ဆရာများဘက်က မြတ်စွာဘုရားရှင်၏ သာသနာတော်ကို 'ဓမ္မဒါန' ဖြင့် သန့်ရှင်းအောင်၊ တည်တံ့အောင်၊

ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် မိမိတို့ကိုယ်တိုင် တတ်သိ နားလည် ကျင့်သုံးမှုဘောင်ကို ကျော်၍ ပြည့်ရှင်မင်းမှသည် တိုင်းသူပြည်သားများတိုင်အောင် ဒါယကာများ အတွင်း၌ ဗုဒ္ဓဘာသာ နှလုံးသွင်း၊ ဗုဒ္ဓဘာသာစရိုက်၊ ဗုဒ္ဓဘာသာဉာဉ်တို့ကို အမြစ်တွယ်၍ အခြေခိုင်အောင် တည်ဆောက်ပေးနိုင်ခဲ့၏။ ထိုအခါ မြန်မာနိုင်ငံ၌ ရဟန်း ရှင် လူတို့၏ နှလုံးအိမ်တွင် ဗုဒ္ဓဘာသာသည် အမျိုးသားနှလုံးသွင်း၊ အမျိုးသား စရိုက်၊ အမျိုးသားဉာဉ်အဖြစ် တည်ရှိလေရာ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ကာကွယ်ရေး စသော ရေးရာအဖြာဖြာတို့၌ ပြဿနာအရပ်ရပ်တို့ကို ဗုဒ္ဓဝါဒ အမြင်ဖြင့်သာ ဖြေရှင်းဆုံးဖြတ်ကြ၏။ ဒါယကာများ ဘက်ကလည်း အာမိသဒါနဖြင့် ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ရာတွင် ဗုဒ္ဓဝါဒ အမြင်ဖြင့်သာ ထောက်ပံ့ ကြ၏။ ပြဿနာ အရပ်ရပ်တို့ကို ဖြေရှင်းရာတွင် ဗုဒ္ဓဝါဒ အမြင်ဖြင့်သာ ဖြေရှင်း ဆုံးဖြတ်ကြ၏။

ထိုခေတ် မြန်မာနိုင်ငံတွင် အမြင်ချင်း တူကြ၏။ ဆရာများ၏ အမြင်လည်း ဗုဒ္ဓဝါဒ၊ ဒါယကာ များ၏ အမြင်လည်း ဗုဒ္ဓဝါဒ၊ ဆရာနှင့် ဒါယကာ အချင်းချင်း ဆက်ဆံကြရာ၌လည်း ဗုဒ္ဓဝါဒအမြင်ဖြင့် သာ ဆက်ဆံကြ၏။ အမှားနှင့်အမှန်သည် 'အမြင်' ပေါ်၌ တည်၏။ 'အမြင်' သည်'ဝါဒ'ပေါ်၌ တည်၏။ 'ဝါဒ' သည် နှလုံးသွင်းစရိုက် 'ဉာဉ်' အပေါ်၌ အဆင့်ဆင့် တည်၏။

ဗုဒ္ဓဝါဒ၏ အနှစ်သာရကား လူ့ဘဝကို 'ဒုလ္လဘ' အဖြစ် တန်ဖိုးထားကာ အချင်းချင်း အနစ်နာခံခြင်း–အလောဘ၊ အချင်းချင်း ငဲ့ညှာခြင်း– အဒေါသ၊ ယထာဘူတ ကျကျ မြင်ခြင်း– အမောဟ တို့ဖြင့် အများ၏အကျိုး– လောကတ္ထကို ပထမ၊ အသိုက်အဝန်း၏ အကျိုး– ဉာတတ္ထကို ဒုတိယ၊ မိမိ၏ အကျိုး– အတ္တတ္ထကို တတိယထားခြင်း ဖြစ်၏။

မြန်မာနိုင်ငံသည် သူတစ်ပါးလက်အောက်သို့ ကျရောက်သွားသောအခါ ဆရာနှင့် ဒါယကာတို့၏ အမြင်များသည် အချင်းချင်း ခြားနားသွားတော့၏။ ဆရာများ၏ အမြင်ကား ရေခံ မြေခံ ဗုဒ္ဓဝါဒအပေါ်၌ အခြေခံ၍ ဒါယကာများ၏ အမြင်ကား နိုင်ငံခြားဖြစ် ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင် စသော ဝါဒများ ပေါ်၌ အခြေခံ၏။ ဗုဒ္ဓဝါဒကား ကိလေသာ ကင်းစင်ပြီး ဖြစ်သော ဘုရားရှင်က မိမိ၏ သဗ္ဗညုတဉာဏ်ဖြင့် တည်ထောင်ထားသော ဝါဒဖြစ်၍ လူတန်းစားအားလုံး အတွက် အကျိုးဖြစ်ထွန်းစေ၏။ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ အရင်းရှင် စသော ဝါဒများကား ကိလေသာ တန်းလန်းရှိသော ပုထုဇဉ် လူသားများက မိမိတို့၏ ဘက်လိုက်သော အမြင်ဖြင့် တည်ထောင်ထားသော ဝါဒဖြစ်၍ လူတန်းစား အချို့အတွက်သာ အကျိုး ဖြစ်ထွန်းစေ၏။

ဗုဒ္ဓဝါဒ၌ ဝိဇ္ဇာနှင့် စရဏ နှစ်ရပ်လုံး ပါဝင်သဖြင့် ယင်းဝါဒအရ အလွှာအသီးသီးတို့ အချင်းချင်း

ဆက်ဆံကြရာ၌ ငြိမ်းချမ်းမှုသဘော ပါ၏။ နိုင်ငံခြား ဖြစ် ဝါဒများ၌ ဝိဇ္ဇာသာပါပြီး စရဏ မပါဝင်သဖြင့် ယင်းဝါဒများအရ အလွှာအသီးသီးတို့ အချင်းချင်း ဆက်ဆံကြရာ၌ ငြိမ်းချမ်းမှုသဘောကို မဆောင်နိုင် ကြချေ။

"ဗုဒ္ဓဝါဒသည် ဘာသာရေးဖြစ်၍ လောက ကြီးပွားရေးအတွက် အသုံးမဝင်ဘဲ လောကုတ္တရာ ကြီးပွားရေးနှင့် တမလွန် အကျိုးစီးပွား အတွက်သာ အသုံးဝင်၏" ဟူ၍ ဆိုသူများလည်း ရှိကြ၏။ ထို အဆိုမျိုးကို **"သောပုရိသဂရယှာ နသတ္တဂရယှာ"** (*နိရုတ္တ- ၁၊ ၁၄*)ဟူ၍ ပယ်မြစ်ခဲ့ဖူး၏။ ဗုဒ္ဓဝါဒကို လောကကြီးပွားရေးအတွက် မသုံးတတ်လျှင် မသုံး တတ်သူ၏ အပြစ်သာ ဖြစ်၏၊ ဗုဒ္ဓဝါဒ၏ အပြစ် မဟုတ်။ သီရိဓမ္မာသောကမင်း(အိန္ဒိယ)၊ ဒုဋ္ဌဂါမဏိ မင်း(သီဟိုဠ်)၊ အနော်ရထာမင်း(မြန်မာ) စသည် တို့သည် မိမိတို့၏နိုင်ငံ ကြီးပွားရေးအတွက် ဗုဒ္ဓဝါဒကို အသုံးပြုခဲ့ကြ၏။

ဗြိတိသျှလက်အောက်၌ မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်ရာတွင် ဆရာနှင့် ဒါယကာတို့ အမြင်ချင်း မတူသဖြင့် မြတ်စွာဘုရား ရှင်၏ သာသနာတော် နိမ့်ကျသည်မှာ အထူးအဆန်း မဟုတ်။ သို့ရာတွင် ဆရာဖြစ်တော်မူကြသော ဆရာ တော်ကြီးများသည် မြတ်စွာဘုရား၏ သာသနာတော် ကို ဒါယကာများ၏ သန္တာန်၌ အမျိုးသားစရိုက်၊

အမျိုးသားဉာဉ် အဖြစ်သို့ရောက်အောင် ဓမ္မဒါနတာဝန် အရ မဆောင်ရွက်နိုင်စေကာမူ ရဟန်း သာမဏေ များ၏ သန္တာန်၌မူ အမျိုးသားစရိုက်နှင့် အမျိုးသားဉာဉ် အဖြစ်သို့ ရောက်အောင် စွမ်းနိုင်သမျှ ကြိုးပမ်းတော် မူခဲ့ကြ၏။

ထိုသို့ ကြိုးပမ်းရာတွင် အချိန်အခါနှင့် အခြေ အနေ အရ ပါဠိစာမေးပွဲ စနစ်များကို အသုံးပြုခဲ့ကြ၏။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်း၌လည်း ယင်း ပါဠိစာမေးပွဲ စနစ်များဖြင့်ပင် မြတ်စွာဘုရား၏ သာသနာတော်ကို ဆရာများဘက်က ဓမ္မဒါန တာဝန် အရ လည်းကောင်း၊ ဒါယကာများဘက်က အာမိသ ဒါန တာဝန်အရ လည်းကောင်း ကြိုးစားပမ်းစား ချီးမြှောက်ကြ၏။

လက်ရှိ ပါဠိစာမေးပွဲစနစ်တွင် သဒ္ဒါကို ပဓာန ပြုသော သဒ္ဒပဓာန စာမေးပွဲများလည်း ရှိ၏။ အနက် ကို ပဓာနပြုသော အတ္ထပဓာန စာမေးပွဲများလည်း ရှိ၏။ သဒ္ဒါကို ပဓာနပြုသော စာမေးပွဲများတွင် သကျ သီဟ စာမေးပွဲ၊ စေတိယင်္ဂဏ စာမေးပွဲနှင့် အစိုးရ စာမေးပွဲများသည် ထင်ရှား၏။ အနက်ကို ပဓာနပြု သော စာမေးပွဲများတွင် တိပိဋကဓရနှင့် နိကာယ် စာမေးပွဲများသည် ထင်ရှား၏။

ဖော်ပြပါ စာမေးပွဲများသည် ဆရာများ၏ သန္တာန်၌ ဗုဒ္ဓဘာသာနှလုံးသွင်း၊ ဗုဒ္ဓဘာသာစရိုက်နှင့် ဗုဒ္ဓဘာသာဉာဉ်များကို တည်ဆောက်ပေးနိုင်သော်

လည်း ဒါယကာများ၏ သန္တာန်၌ ဗုဒ္ဓဘာသာ နှလုံးသွင်း၊ ဗုဒ္ဓဘာသာစရိုက်နှင့် ဗုဒ္ဓဘာသာဉာဉ်တို့ကို တည်ဆောက် မပေးနိုင်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဆရာနှင့် ဒါယကာတို့၏ အမြင်များသည် အချင်းချင်း ခြားနားလျက်ပင် ရှိကြ၏။ အမြင်ချင်း ခြားနားနေသမျှ ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာတော်သည် မြန်မာနိုင်ငံ၌ ပုဂံခေတ်မှ ကုန်းဘောင်ခေတ် တိုင်အောင်သော ကာလ၌ကဲ့သို့ သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော်သည် ရှေးပုဂံခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင်သော ကာလ၌ကဲ့သို့ အမျိုးသားနှလုံးသွင်း၊ အမျိုးသားစရိုက်နှင့် အမျိုးသားဉာဉ် အဆင့်သို့ ရောက်စေနိုင်သည့်အပြင် လက်ရှိစာမေးပွဲများကိုပါ ခြုံငုံမိပြီး သဒ္ဒါနှင့် အနက် နှစ်မျိုးစုံ ပြဋ္ဌာန်းသော သဒ္ဒတ္ထပစာနစာမေးပွဲမျိုးကို ကျင်းပရန် လိုအပ်လျက် ရှိကြောင်း တွေ့ရှိရသဖြင့် ဆောင်ရွက်ရန် စီစဉ်ရခြင်း ဖြစ်၏။

## ( ၂ )
## သာသနာပြုခြင်း
## ရှင်သာမဏေတို့၏ ခွမ်းအား

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်၏။ မြန်မာနိုင်ငံသားတို့သည်လည်း များသောအားဖြင့်

ထေရဝါဒ ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်ကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံသားတို့သည် မိမိတို့၏ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာကို တည်တံ့၊ ပြန့်ပွား အောင် ကြိုးစားကြ၏။ ထိုသို့ ကြိုးစားကြရာတွင် နှစ်ပေါင်း ထောင်နှင့်ချီ၍ ရှိလေပြီ။ သို့ရာတွင် ကျေနပ် လောက်သော အဆင့်သို့ မရောက်သေးသည်ကို တွေ့ရ ၏။ အကယ်၍သာ မြန်မာနိုင်ငံ၌ ထေရပါဒ ဗုဒ္ဓ ဘာသာသည် အခြေခိုင်ခိုင်ဖြင့် တည်တံ့ရိုး မှန်ပါက ယနေ့မျက်မှောက်ကမ္ဘာ၌ အင်အားကြီးနိုင်ငံများလို ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများ တိုးတက်ထွန်းကားမှု မရှိ စေကာမူ ကိုယ်ကျင့်သိက္ခာ တိုးတက်ထွန်းကားမှုအရ ယနေ့ မြန်မာနိုင်ငံသည် ဤကမ္ဘာ၌ ပျော်မွေ့စရာ အကောင်းဆုံးနိုင်ငံ ဖြစ်ပေလိမ့်မည်။

ပျော်မွေ့စရာ အကောင်းဆုံးနိုင်ငံ ဟူသည်မှာ ဓမ္မပဒ ပါဠိတော် ဂါထာအမှတ် (၉၈) အရ ရွာဖြစ်ချင် ဖြစ်မည်၊ တောဖြစ်ချင် ဖြစ်မည်၊ ချိုင့်ဝှမ်းဖြစ်ချင် ဖြစ်မည်၊ ကြည်း,ကုန်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ပင် ဖြစ်ဖြစ် မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာရှိသူတို့ နေထိုင် ရာ ဒေသသည်သာလျှင် ပျော်မွေ့ဖွယ်ရာ အကောင်းဆုံး နိုင်ငံ ဖြစ်၏။ ဤသည်မှာ မြတ်စွာဘုရား ဟောကြား တော်မူခဲ့သော ဓမ္မပဒ ပါဠိတော်၏ ဖွင့်ဆိုချက်အရ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မြန်မာနိုင်ငံ ကို ကိုယ်ကျင့်သိက္ခာ အမြင့်ဆုံးသော ပုဂ္ဂိုလ်တို့

လည်း ဒါယကာများ၏ သန္တာန်၌ ဗုဒ္ဓဘာသာ နှလုံးသွင်း၊ ဗုဒ္ဓဘာသာစရိုက်နှင့် ဗုဒ္ဓဘာသာဉာဉ်တို့ကို တည်ဆောက် မပေးနိုင်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ဆရာနှင့် ဒါယကာတို့၏ အမြင်များသည် အချင်းချင်း ခြားနားလျက်ပင် ရှိကြ၏။ အမြင်ချင်း ခြားနားနေသမျှ ကာလပတ်လုံး မြတ်စွာဘုရား၏ သာသနာတော်သည် မြန်မာနိုင်ငံ၌ ပုဂံခေတ်မှ ကုန်းဘောင်ခေတ် တိုင်အောင်သော ကာလ၌ကဲ့သို့ သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော်သည် ရှေးပုဂံခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင်သော ကာလ၌ကဲ့သို့ အမျိုးသားနှလုံးသွင်း၊ အမျိုးသားစရိုက်နှင့် အမျိုးသားဉာဉ် အဆင့်သို့ ရောက်စေနိုင်သည့်အပြင် လက်ရှိစာမေးပွဲများကိုပါ ခြုံငုံမိပြီး သဒ္ဒါနှင့် အနက် နှစ်မျိုးစုံ ပြဋ္ဌာန်းသော သဒ္ဒတ္ထပဓာန စာမေးပွဲမျိုးကို ကျင်းပရန် လိုအပ်လျက် ရှိကြောင်း တွေ့ရှိရသဖြင့် ဆောင်ရွက်ရန် စီစဉ်ရခြင်း ဖြစ်၏။

## ( ၂ )
## သာသနာပြုခြင်း
## ရှင်သာမဏေတို့၏ ခွမ်းအား

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်၏။ မြန်မာနိုင်ငံသားတို့သည်လည်း များသောအားဖြင့်

ထေရဝါဒ ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်ကြ၏။ ထို့ကြောင့် မြန်မာနိုင်ငံသားတို့သည် မိမိတို့၏ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာကို တည်တံ့၊ ပြန့်ပွားအောင် ကြိုးစားကြ၏။ ထိုသို့ ကြိုးစားကြရာတွင် နှစ်ပေါင်း ထောင်နှင့်ချီ၍ ရှိလေပြီ။ သို့ရာတွင် ကျေနပ်လောက်သော အဆင့်သို့ မရောက်သေးသည်ကို တွေ့ရ၏။ အကယ်၍သာ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာသည် အခြေခိုင်ခိုင်ဖြင့် တည်တံ့ရိုး မှန်ပါကယနေ့မျက်မှောက်ကမ္ဘာ၌ အင်အားကြီးနိုင်ငံများလို ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများ တိုးတက်ထွန်းကားမှု မရှိစေကာမူ ကိုယ်ကျင့်သိက္ခာ တိုးတက်ထွန်းကားမှုအရ ယနေ့ မြန်မာနိုင်ငံသည် ဤကမ္ဘာ၌ ပျော်မွေ့စရာ အကောင်းဆုံးနိုင်ငံ ဖြစ်ပေလိမ့်မည်။

ပျော်မွေ့စရာ အကောင်းဆုံးနိုင်ငံ ဟူသည်မှာ ဓမ္မပဒ ပါဠိတော် ဂါထာအမှတ် (၉၈) အရ ရွာဖြစ်ချင်ဖြစ်မည်၊ တောဖြစ်ချင် ဖြစ်မည်၊ ချိုင့်ဝှမ်းဖြစ်ချင်ဖြစ်မည်၊ ကြည်း,ကုန်း ဖြစ်ချင်ဖြစ်မည်။ မည်သို့ပင်ဖြစ်ဖြစ် မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာရှိသူတို့ နေထိုင်ရာ ဒေသသည်သာလျှင် ပျော်မွေ့ဖွယ်ရာ အကောင်းဆုံးနိုင်ငံ ဖြစ်၏။ ဤသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မပဒ ပါဠိတော်၏ ဖွင့်ဆိုချက်အရဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် မြန်မာနိုင်ငံကို ကိုယ်ကျင့်သိက္ခာ အမြင့်ဆုံးသော ပုဂ္ဂိုလ်တို့

နေထိုင်ရာဒေသဖြစ်အောင် ကြိုးစားခဲ့ကြ၏။ ထိုသို့ ကြိုးစားခဲ့သည်မှာ နှစ်ပေါင်း ထောင်နှင့်ချီ၍ ရှိလေပြီ။ သို့ရာတွင် မြန်မာနိုင်ငံသည် ယနေ့ မျက်မှောက်ကမ္ဘာ၌ မွေ့လျော်ဖွယ်ရာ အကောင်းဆုံးနိုင်ငံ မဖြစ်သေးပါချေ။ ထိုသို့ မဖြစ်သေးသည်မှာလည်း မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာ အပြည့်အစုံ မတိုးတက် မထွန်းကားသေးသောကြောင့် ဖြစ်တန်ရာ၏။

သို့ဖြစ်၍ မြန်မာနိုင်ငံသားတို့သည် မိမိတို့၏ မြန်မာနိုင်ငံကို ထေရဝါဒ ဗုဒ္ဓဘာသာ အပြည့်အစုံ ထွန်းကားသော နိုင်ငံ ဖြစ်ရလေအောင် ကြိုးစားဖို့ တာဝန်ကိုယ်စီ ရှိကြ၏။ တာဝန်ကိုယ်စီ ရှိကြသည့်အလျောက် တာဝန်သိ ဗုဒ္ဓဘာသာဝင်များသည် မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓဘာသာကို ခိုင်ခိုင်မာမာ တည်တံ့ပြန့်ပွားလာအောင် ဆောင်ရွက်ကြပါ၏။ ထိုသို့ ဆောင်ရွက်ရာတွင် အကြမ်းဖျင်းအားဖြင့် နည်း နှစ်မျိုးကို တွေ့ရ၏။

နည်းတစ်မျိုးမှာ ကျောင်း ကန် ဘုရားများကို အလေးအနက်ထား၍ ဆောင်ရွက်သောနည်း ဖြစ်၏။ အခြား နည်းတစ်မျိုးမှာ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်၌ ကျွမ်းကျင်၍ ကိုယ်ကျင့်သိက္ခာ မြင့်မားသော အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းလာအောင် ဆောင်ရွက်သောနည်း ဖြစ်၏။ ထိုသို့ ဆောင်ရွက်ရာတွင် သူ့နည်းနှင့်သူ လိုအပ်သည် မှန်သော်လည်း ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်၌ ကျွမ်းကျင်၍

ကိုယ်ကျင့်သိက္ခာ မြင့်မားသော အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းလာအောင် ဆောင်ရွက်သောနည်းက ပို၍ သက်ရောက်၏။

သာသနာပြုနည်းနှင့် ပတ်သက်၍ ဆရာတော်တစ်ပါးက ဤသို့ မိန့်ဖူး၏။ "မဟာဝိဟာရသဒိသံ ဝိဟာရသဟဿံ ဝါ မဟာစေတိယသဒိသံ စေတိယသဟဿံ ဝါ တေယာဂု ပိ ဝနမတ္တံပိသာသနံ သန္ဓာရေတုံ နသက္ကောတိ။ သီရိလင်္ကာကျွန်းရှိ မဟာဝိဟာရကျောင်းတိုက်လို ကျောင်းတိုက်ပေါင်း တစ်သောင်းသည် လည်းကောင်း၊ မဟာစေတီလို စေတီပေါင်း တစ်သောင်းသည် လည်းကောင်း သာသနာတော်ကို ယာဂုတစ်ကြိမ်သောက် ကာလမျှပင် တည်တံ့အောင် မစွမ်းဆောင်နိုင်။ ထို့ကြောင့် စာပေ ပရိယတ္တိကို တကယ်ကျွမ်းကျင်ပြီး ကိုယ်ကျင့်သိက္ခာ မြင့်မားသော အာဇာနည် ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးခြင်းသည်သာ တကယ်တမ်း ထိရောက်သော သာသနာပြုနည်း မည်၏"

မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ ခိုင်မာ တည်တံ့ရေးအတွက် ရှင်သာမဏေကျော် စာမေးပွဲကို ဒုတိယ သာသနာပြုနည်း အရ ကျင်းပခဲ့ရာ ယခုနှစ်တွင် အာဇာနည်ပုဂ္ဂိုလ်ထူး သာမဏေကျော်များ ပေါ်ထွန်းခဲ့ပြီ ဖြစ်၏။ ထို့နောက် အာဇာနည်ပုဂ္ဂိုလ်ထူး ရဟန်းတော်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရန် စီမံကိန်းလည်း ချမှတ်ပြီးသား

ရှိ၏။ အာဇာနည်ပုဂ္ဂိုလ်ထူး သာမဏေကျော်၊ ရဟန်းကျော်များဖြင့် မြန်မာနိုင်ငံသားတို့၏ သန္တာန်၌ ထေရဝါဒ ဗုဒ္ဓသာသနာကို တစ်ဦးချင်း စရိုက်မှ အမျိုးသားစရိုက်သို့ ရောက်လာအောင် တည်ဆောက်ရန် ကြိုးပမ်းခြင်း ဖြစ်၏။ အကယ်၍သာ ထေရဝါဒ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံသားတို့၏ သန္တာန်၌ တစ်ဦးချင်းစရိုက်မှ အမျိုးသားစရိုက်သို့ ရောက်ပြီ ဆိုပါက လူတို့သည် ရတနာသုံးပါး၌ ကြည်ညိုလေးစားတတ်ရုံသာမက လူအချင်းချင်းပေါ်၌လည်း ကြည်ညိုတတ်လာမည် ဖြစ်၏။ လေးစားတတ်လာမည် ဖြစ်၏။ မြတ်နိုးတတ်လာမည် ဖြစ်၏။ ချစ်ခင်တတ်လာမည် ဖြစ်၏။ ကြင်နာတတ်လာမည် ဖြစ်၏။ ထိုအခါ မြန်မာနိုင်ငံ၌ ဒုစရိုက်မှုများ ကင်းဝေးပြီး သုစရိုက်မှုများ တိုးပွားလာမည် ဖြစ်၏။ ပုညကိရိယာ တရားများလည်း ဖြစ်ထွန်းလာမည် ဖြစ်၏။ ဤသို့ ဖြစ်လာလျှင် မြန်မာနိုင်ငံသည် ဤမြေကမ္ဘာ၌ မွေ့လျော်ဖွယ် အကောင်းဆုံးသော နိုင်ငံဖြစ်လာမည်မှာ ယုံမှားစရာ မရှိပါချေ။

ဤသို့ ဖြစ်လာမည့် ဖြစ်စဉ်များကို ရည်ရွယ်၍ ရှင်သာမဏေကျော် စာမေးပွဲကို အားကြိုးမာန်တက် ကျင်းပခဲ့ခြင်း ဖြစ်၏။ ယခု ရှင်သာမဏေကျော် စာမေးပွဲ အောင်မြင်ပြီး နောက်ထပ် ရဟန်းကျော် စာမေးပွဲကိုလည်း ကျင်းပရန် အဆင်သင့် ဖြစ်ပြီ။ "တာဝန်ကိုယ်စီ ရှိကြသည်" ဟူသော ခံယူချက်ဖြင့် ဒုတိယ သာသနာပြုနည်းအရ တာဝန်ယူ ဆောင်ရွက်

ကြသော ပုဂ္ဂိုလ်တို့၏ အရေအတွက်ကား များလှသည် မဟုတ်၊ အရေအတွက်အားဖြင့် မများစေကာမူ ယုံကြည်ချက်အရ အရည်အချင်းမှာမူ အတိုင်းအဆကြီးမားပါ၏။ လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရာတွင် ရည်ရွယ်ချက်လည်း မှန်ကန်မည်။ ဝီရိယလည်း ပြင်းထန်မည်။ စိတ်ဓာတ်လည်း ခိုင်မာမည်။ အမြော်အမြင်လည်း ရှိမည်ဆိုလျှင် လောကီရေးရာဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ မလွဲမသွေ အောင်မြင်၏ ဟု မြတ်စွာဘုရားက ဟောတော်မူထား၏။ ဤအင်္ဂါလေးရပ်ကို ဣဒ္ဓိပါဒ်ဟု ဆို၏။ ဣဒ္ဓိပါဒ် ဟူသည် တန်ခိုးပင်တည်း။ ထို့ကြောင့် ဆောင်ရွက်သူများသည် တန်ခိုးရှိဖို့တော့ လို၏။ တန်ခိုးသည် အဓိပတိ ထိုက်လာအောင် ရှိလာပါက မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်တော့ဘဲ မြတ်စွာဘုရား၏ သာသနာတော်ကို သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်ခြင်းဖြစ်သဖြင့် တစ်သောင်းသော လောကဓာတ်ကို မတုန်လှုပ်နိုင်စေကာမူ ထိုက်သင့်သလောက်တော့ တုန်လှုပ်စေနိုင်ပါ၏။

ရှင်သာမဏေ စာမေးပွဲကို အဦးအစ ပြု၍ ကျင်းပရာတွင် မူလက ကြမ်းကြုတ် ရက်စက်သော၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သီရိဓမ္မာသောကမင်းကြီးကိုပင် နူးညံ့သိမ်မွေ့သော ထေရဝါဒ ဗုဒ္ဓဘာသာဝင် အဖြစ်သို့ ရောက်အောင် ဆွဲဆောင်နိုင်သော “နိဂြောဓသာမဏေ” ကို အထိမ်းအမှတ် ပြု၍ ကျင်းပခြင်း

ဖြစ်၏။ လေးစားမြတ်နိုး၍ ကျင်းပသည့်အတိုင်း ယခု အကောင်အထည် ပေါ်လာပြီး သာမဏေကျော်များ ထွက်ပေါ်လာပြီ။ 'ဝိနည်း' ပိုင်းကို သင်ပြပြီးနောက် 'စရဏ' ပိုင်းကို သင်ပြပြီး ဝိနည်းနှင့် စရဏသည် အချင်းချင်း ခွဲ၍ မရလောက်အောင် တစ်ပေါင်း တစ်စည်းတည်း ဖြစ်သွားပေတော့မည်။ ထိုအခါ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အခြားသော စက်မှုနိုင်ငံ များနှင့် နှိုင်းစာလျှင်–

ရွာအဆင့် ဖြစ်ချင် ဖြစ်မည်၊ တောအဆင့် ဖြစ်ချင် ဖြစ်မည်။

ချို့ငဲ့မွဲပြာ ဖြစ်ချင်ဖြစ်မည်၊ ကြည်း, ကုန်း အဆင့် ဖြစ်ချင် ဖြစ်မည်။

သို့ရာတွင် မည်သည့်အဆင့်ဖြစ်ဖြစ် ကိုယ်ကျင့် သိက္ခာ မြင့်မားသူတို့၏ နေထိုင်ရာဖြစ်သဖြင့် ကမ္ဘာ ပေါ်တွင် မွေ့လျော်ဖွယ်ရာ အကောင်းဆုံးနိုင်ငံ ဖြစ်ရ လေအောင်၊ ရှင်သာမဏေကျော်များနှင့် ရဟန်းကျော် များ မြန်မာနိုင်ငံ၌ ပေါ်ထွန်းလာအောင် 'ပစ္စည်းအား' စွမ်းနိုင်သူများက ပစ္စည်းအားဖြင့် လည်းကောင်း၊ 'ဉာဏ်အား' စွမ်းနိုင်သူများက ဉာဏ်အားဖြင့် လည်း ကောင်း၊ 'ကိုယ်ကျင့်သိက္ခာအား' စွမ်းနိုင်သူများက ကိုယ်ကျင့်သိက္ခာအားဖြင့် လည်းကောင်း၊ 'ကာယ အား' စွမ်းနိုင်သူများက ကာယအားဖြင့် လည်းကောင်း "ဤမြေမှာ နေ၍ ဤရေကို သောက်သူများ" အနေဖြင့် တာဝန်ကိုယ်စီ ရှိကြသည့် အားလျော်စွာ မိမိတို့ တာဝန်

ကို မိမိတို့ သိပြီး တစ်ခဲနက် ပူးပေါင်း ဆောင်ရွက်ကြရန် အချိန်ရောက်ပြီ ဖြစ်ပါ၏။ အမှန်အားဖြင့်ဆိုရလျှင် ထိုကဲ့သို့ ဆောင်ရွက်ရန် အချိန်များစွာ နှောင်းခဲ့ပါပြီ။ ထို့ကြောင့် နေဝင်ခါနီး စပါးလှမ်းသူကဲ့သို့ အားစိုက်ခွန်စိုက် ဆောင်ရွက်နိုင်ပါမှ တာဝန်ကျေရာ ရောက်မည် ဖြစ်ကြောင်း သဘောပေါက်အပ်ပါ၏။

(၃)

၁။ "လောကတွင် လူ့ဘဝသည် ရခဲ၏။ သာသနာနှင့် ကြုံရခဲ၏။ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ ဘဝသည်လည်း ရခဲ၏" ဤသို့ ဗုဒ္ဓမြတ်စွာ ဟောကြားခဲ့၏။

၂။ 'လူ' ဟူသည်မှာ မိမိကိုယ်ကျိုးသာမကသူတစ်ပါးအကျိုးပါ သယ်ပိုးတတ်သူများဟု ဖွင့်ဆိုကြ၏။ မျက်မြင် သတ္တလောကတွင် ခြေနှစ်ချောင်း မတ်မတ်ရပ်၍ လမ်းလျှောက်သူကို 'လူ' ဟု သာမန် သတ်မှတ်ကြသည်။ အသိဉာဏ် ရှိခြင်း၊ လုံ့လ ဝီရိယ ရှိခြင်း၊ ထိုးထွင်းကြံစည်ခြင်း၊ ကူညီစောင့်ရှောက်ခြင်း ဟူသည့် တရားများကို လက်ကိုင်ထားတတ်သူများကို 'လူသား' ဟု သတ်မှတ်ကြ၏။ မိုက်မဲခြင်း၊ ပျင်းရိခြင်း၊ ထုံထိုင်းခြင်း၊ အနိုင်အထက် ကိုယ်ကျိုးရှာခြင်း ဟူသည့် သဘော

များ သက်ဝင်နေသူကို အနွယ်အားဖြင့် 'လူ' ဟု သတ်မှတ်သော်လည်း 'လူမဆန်သူ' ဟု လောကအမြင် ရှိကြ၏။ ထို့ကြောင့် ရခဲသော လူ့ဘဝတွင် ဘယ်သို့ နေထိုင်ပါမည်နည်း။

၃။ 'သာသနာ' ဟူသည် 'အဆုံးအမ' ဟု အဓိပ္ပာယ်ရ၏။ ဗုဒ္ဓမြတ်စွာ၏ အဆုံးအမဟု သက်ရောက်၏။ တရားတော်များသည် ဗုဒ္ဓ၏ အဆုံးအမများ ဖြစ်၏။ အလိုကြီးခြင်း – လောဘကြောင့် ကိုယ် စိတ် ပင်ပန်းဆင်းရဲ၏။ ဒေါသအမျက်ကြောင့် ပူလောင် ခံခက်၏။ မောဟ အမိုက်မှောင်ကြောင့် အမှားနယ်တွင် တဝဲလည်လည် မောဟိုက်ရ၏။ ဤလောဘ၊ ဒေါသ၊ မောဟတို့သည် အကုသိုလ်နယ်သွား လမ်းမကြီးများ ဖြစ်၏။ လောဘ ပါးသည်ထက် ပါးအောင် စွန့်ကြဲပေးကမ်းခြင်း 'ဒါန' ပြုရ၏။ ဒေါသ ပါးသည်ထက် ပါးအောင် သည်းခံခြင်းကို ညွှန်းဆိုသော 'သီလ' ကို ဆောက်တည်ရ၏။ မောဟ ပါးလျားအောင် မိမိအပြစ်ကို သုံးသပ်ရှာဖွေ စစ်ဆေးခြင်း ဟူသော 'ဘာဝနာ' ကို ပွားရ၏။ (ဤသည်ကို 'ပညာ' ဟု ဗုဒ္ဓက ညွှန်ပြခဲ့၏) ဤဒါန၊ သီလ၊ ဘာဝနာ အမှုတို့သည် ကုသိုလ်နယ် သွား လမ်းမကြီး ဖြစ်၏။ 'အမတ' ခေါ် ဆင်းရဲခြင်း ကင်းရာသို့ ပို့ဆောင်၏။ သာ

သနာ ခေါ် ဗုဒ္ဓ၏ အဆုံးအမကား ဒါန၊ သီလ၊ ဘာဝနာ ဖြစ်၏။ သာသနာနှင့် ကြုံရိုက် အဘယ်လမ်းသို့ လိုက်ကြပါမည်နည်း။

၄။ လူ့ဘဝလည်း ရ၏။ သာသနာနှင့်လည်း ဆုံ၏။ သက်ဝင် ယုံကြည်မှုလည်း ရှိ၏။ သို့သော်ငြားလည်း ကျင့်ဝတ်သိက္ခာများသော ရဟန်းဘဝ၊ သာမဏေဘဝကိုကား ခံယူရန် မဝံ့မရဲ ရှိကြ၏။ စားရာ၌လည်း တိကျသော ညွှန်ကြားချက်များ ရှိ၏။ ဝတ်ရာ၌လည်း လိုက်နာရမည့် စည်းကမ်းများ ရှိ၏။ ပြော, ဆို, နေ, ထိုင်ရာ၌လည်း မလွန်ကျူးရမည့် ဘောင်များ ထင်ရှားစွာ ပြဋ္ဌာန်းထား၏။ မြတ်စွာဘုရား၏ ဥပဒေတော်ကြီးကို လိုက်နာနိုင်ရန် သာမန် သဒ္ဓါထက်သန်မှုဖြင့် မရနိုင်။ သာသနာ့အရေကို ဝတ်ရုံသူသည် မိမိ ကိုယ်ကျိုး တစ်ခုတည်းကို ရှေးရှု၍ မရသောသူ ဖြစ်၏။'အမြင်' မှုဖြင့်လည်း အများအကျိုး ဆောင်ရ၏။ 'အကြား' ဖြင့်လည်း အများ အကျိုးပြုရ၏။ 'အကျင့်တရား' ဖြင့်လည်း သူတစ်ပါး၏ သဒ္ဓါတရားကို အကျိုး ရှိစေရ၏။

၅။ မင်္ဂလာဗျူဟာ အသင်းချုပ်သည် ဆိုခဲ့သည့် အများအကျိုး ဆောင်နိုင်မည့် အနာဂတ် သာသနာ့ အညွှန့်အဖူးများဖြစ်သော သာမဏေ

များကို မြေတောင်မြှောက်ပေးမည့် 'သာမဏေကျော်' စာမေးပွဲများကို ပြုလုပ်ပေးခြင်းဖြစ်၏။ မင်္ဂလာဗျူဟာ သာမဏေကျော်တို့၏ဆောင်ပုဒ်ဖြစ်သော "သီလ–သုတ စွယ်စုံလှ၍ သာသနာ့တန်ဆောင် အလင်းဆောင်အံ့" ဟူသည်နှင့်အညီ သာမဏေတို့သည် မိမိကိုယ်တိုင်သာ သီလစောင့်သည် မဟုတ်၊ အသိပညာ နက်ရှိုင်းသည်မဟုတ်၊ သူတစ်ပါးအားလည်း မြတ်စွာဘုရားရှင်၏ အဆုံးအမကို သိစေ၍ သာသနာ့ မီးရှူး အလင်းရောင်ကို ထွန်းညှိပေးမည် ဖြစ်ပေသည်။

၆။ သာမဏေကျော် စာမေးပွဲကို ရည်ရွယ်ချက်အောင်မြင်သည်နှင့် အမျှ မင်္ဂလာဗျူဟာ အသင်းချုပ် အနေဖြင့်လည်း ဝမ်းမြောက်ဝမ်းသာမှုမှ စွမ်းအင် ဖြစ်ခဲ့၏။ သာသနာ့အကျိုးကို လိုလား ထောက်ပံ့နေကြသူတို့အတွက် အင်အားဖြစ်စေခဲ့၏။ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား၊ ပစ္စည်းစွမ်းအားတို့ဖြင့် ပူဇော်သူတို့၏ ကုသိုလ်ကို ထူးမြတ်စေခဲ့၏။

၇။ ဤကဲ့သို့ ဆောင်ရွက်နိုင်ခဲ့လှသော လုပ်ငန်းကြီးကို ဖန်တီး စွမ်းဆောင်ခွင့် ရသဖြင့် "မင်္ဂလာဗျူဟာ သာမဏေကျော်" အမည်သည် ပိုမိုသက်ဝင် ပြောင်မြောက်ရပါကြောင်း

မှတ်တမ်းစု၍ အနုမောဒနာ ပြုလိုက်ရပါသတည်း။

## (၄)

မြတ်စွာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် မိမိ၏ ကိုယ်ကျိုးကို စွန့်ကာ လောက၏အကျိုးစီးပွားအတွက် ပါရမီတော်များကို ဖြည့်ကျင့်ပြီး သဗ္ဗညုတ ဉာဏ်တော်ကို ရရှိအောင် အားထုတ်တော်မူခဲ့ပါသည်။ သဗ္ဗညုတ ဉာဏ်တော်ကိုရ၍ ဘုရားဖြစ်အောင် အားထုတ်တော်မူခြင်းမှာလည်း မိမိအတွက်ဘုရားဖြစ်ချင်၍ အားထုတ်တော်မူခြင်း မဟုတ်ဘဲလောကအတွက် ဘုရားဖြစ်ချင်၍ အားထုတ်တော်မူခြင်းသာ ဖြစ်ပါ၏။

ဘုရားဖြစ်တော်မူပြီးနောက် လေးဆယ့်ငါးဝါတိုင်တိုင် မနားမနေ တရား ဒေသနာတော်များကိုဟောကြားတော်မူခဲ့ပါ၏။ မြတ်စွာဘုရား၏ တရားဒေသနာတော်များကို အုပ်စုဖွဲ့လိုက်လျှင် အကျဉ်းအားဖြင့် ဓမ္မနှင့် ဝိနယ ဟူ၍ နှစ်မျိုးသာ ရ၏။ ထိုနှစ်မျိုးတွင် ဓမ္မဟူသည် ဝိဇ္ဇာဖြစ်၍ ဝိနယ ဟူသည်စရဏ ဖြစ်၏။ မြန်မာဝေါဟာရအားဖြင့် ဆိုရလျှင်ဓမ္မသည် လည်းကောင်း၊ ဝိဇ္ဇာသည် လည်းကောင်းအသိနှင့် ပတ်သက်၏။ ဝိနယသည် လည်းကောင်း၊စရဏသည် လည်းကောင်း အကျင့်နှင့် ပတ်သက်၏။ သို့ဖြစ်လေရာ 'သိ' ရုံသာ သိပြီး မကျင့်ဘူး ဆိုပါလျှင်

ထိုသူသည် 'အကျိုး' နှင့် တူ၏။ ကျင့်ရုံသာ ကျင့်ပြီး 'မသိဘူး' ဆိုပြန်ပါလျှင်လည်း ထိုသူသည် 'အကန်း' နှင့် တူပါ၏။ ထို့ကြောင့် လိုရာခရီးကို သွားနိုင်ရန် မျက်စိလည်း ကောင်း၊ ခြေလည်း ကောင်းသူနှင့် တူရလေအောင် အသိကိုလည်း သိအောင် အားထုတ်ရ၏။ အကျင့်ကိုလည်း ကျင့်မိအောင် ကျင့်ရ၏။ ထိုသို့ အသိနှင့် အကျင့်ကို တစ်သားတည်း ဖြစ်ရလေအောင် မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါတိုင်တိုင် ဝေနေယျ သတ္တဝါတို့အား တရား ဒေသနာတော်များကို ဟောကြားတော်မူခြင်း ဖြစ်၏။

အမှန်အားဖြင့် လူ နတ် ဗြဟ္မာ အပေါင်းတို့သည် မြတ်စွာဘုရားကို အမြဲ ဖူးတွေ့ချင်ကြ၏။ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆန္ဒကိုဖြည့်ရန် မြတ်စွာဘုရားသည် မိမိ ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် တရား ဒေသနာတော်များကို ထားရစ်တော်မူခြင်း ဖြစ်၏။ ထို့ပြင် "အကြင်သူသည် တရားကို မြင်၏၊ ထိုသူသည် ငါဘုရားကို မြင်၏" ဟူ၍ ဟောကြားတော်မူကာ မြတ်စွာဘုရားကို အမြဲဖူးချင်သူများသည် တရားကိုမြင်အောင် ကြည့်ရန်နှင့် ထိုတရားတော်မှ တစ်ဆင့် ဘုရားကို မြင်အောင် ဖူးမြင်ကြရန်လည်း ညွှန်ကြားတော်မူခဲ့ပါ၏။ အမှန်အားဖြင့် တရားကို မြင်နေသမျှ ကာလပတ်လုံး ဘုရားကို မြင်နေမည် ဖြစ်ပါ၏။

တရားတော်မှ တစ်ဆင့် မြတ်စွာဘုရားကို

မြင်အောင် မည်သို့ ကြည့်မည်နည်း။ အမှန်အားဖြင့် "တရားကို မြင်လျှင် ဘုရားကို မြင်သည်" ဟူ၍ ဟောကြားတော်မူထားလေရာ ရှေးဦးစွာ တရားကို မြင်အောင် ကြည့်တတ်ဖို့ လိုပါ၏။ တရားတော်ကို မြင်အောင် ကြည့်နည်းနှင့် ပတ်သက်၍ **ဓမ္မစက္ကပဝတ္တန** သုတ်တော်၌ မြတ်စွာဘုရားက မိမိ၏ ကိုယ်တွေ့ ဖြစ်စဉ်ကို ဟောကြားတော်မူထားကြောင်း ဤသို့ တွေ့ရ၏။

**စက္ခုံ ဥဒပါဒိ**– ပထမမျက်စိကို ရအောင် လုပ်ရမည်။ လူတို့သည် လောကကို မြင်တတ်သော မျက်စိ မိမိတို့မှာ ရှိသည်ဟူ၍ ထင်ကြ၏။ သို့ရာတွင် သူတို့၌ လောကကို မြင်တတ်သောမျက်စိ မရှိ။ မိမိကိုယ်ကို မြင်တတ်သော အတ္တမျက်စိသာ ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရားက "**အန္ဓီ ဘူတော အယံ လောကော**– လောကသည် အကန်းသာ ဖြစ်သည်"ဟူ၍ ဟောကြားတော်မူခြင်း ဖြစ်၏။ ထို့ကြောင့် လောကကို မြင်အောင် ကြည့်တတ်သော မျက်စိကို ရအောင် လုပ်ရမည် ဟူ၍ ဟောကြားတော်မူခြင်း ဖြစ်ပါ၏။

**ဉာဏံ ဥဒပါဒိ** – တကယ်တမ်းအားဖြင့် လောက ဟူသည်မှာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ ရုပ်, နာမ်, ခန္ဓာနှင့် ယင်းတို့၏ ကြောင်းကျိုး ဖြစ်စဉ်သာ ဖြစ်သည် ဟူသော ဉာဏ်အမြင်ကိုရအောင် လုပ်ရမည် ဖြစ်၏။ ထိုဉာဏ်အမြင်သာ ရရှိပါလျှင် လောကနှင့် ပတ်သက်သော ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသည် ကွာသွားမည်

ဖြစ်၏။ ထိုအခါ ကလျာဏ ပုထုဇဉ် အဆင့်သို့ ရောက်ပြီး လောကသည် မည်မျှ ငြိမ်းချမ်းသာယာလေမည်နည်း။ ဤအဆင့်သို့ရောက်လျှင်ပင် ကိုယ်ကျိုးကိုယ့်စီးပွားကို ရှေ့တန်းမတင်တော့၊ မိမိကို ကျော်၍ လောကကို မြင်တတ်လေပြီ။ လောက၏ အကျိုးစီးပွားကို ကြည့်တတ်ပေပြီ။

**ပညာ ဥဒပါဒီ**– လောကကို ကြည့်သောအခါ အားလုံးဖြစ်ခြင်းနှင့် ပျက်ခြင်းကိုသာ မြင်တော့၏။ လောက၌ အခိုင်အမာ တွယ်တာ မက်မောစရာ ဟူ၍ ဘာမျှ မရှိသည်ကို မြင်လာ၏။ ယင်းကိုပင် ဝိပဿနာ အမြင် ဟူ၍ ခေါ်ရ၏။

**ဝိဇ္ဇာ ဥဒပါဒိ**– ဖြစ်,ပျက်တို့၏ ဆုံးရာ နိဗ္ဗာန်ကို မြင်တော့၏။ ဖြစ်ခြင်းလည်း မရှိ၊ ပျက်ခြင်းလည်း မရှိ၊ မည်မျှ ငြိမ်းချမ်းလေဘိသနည်း။

**အာလောကော ဥဒပါဒိ**– အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ပြီးနောက် လောကကို ပြန်ကြည့်သောအခါ မွန်းတည့်နေ၏ အလင်းရောင်ဖြင့် သက်ရှိ–သက်မဲ့ အရာဝတ္ထုများကို ပြက်ပြက်ထင်ထင် မြင်ရဘိသကဲ့သို့ လောကနှင့် ပတ်သက်၍ ပြက်ပြက်ထင်ထင် မြင်ရလေ၏။ ထိုအခါ လောကကို လည်းကောင်း၊ လောက၏ ဖြစ်ကြောင်းကို လည်းကောင်း၊ လောက၏ ချုပ်ရာကို လည်းကောင်း၊ လောက၏ ချုပ်ရာသို့ ရောက်ကြောင်း လမ်းကို လည်းကောင်း ပြက်ပြက်ထင်ထင် မြင်ရလေတော့၏။ ထိုအခါ သူ၏ အကျိုးစီးပွားနှင့် ပတ်သက်၍

ဆောင်ရွက်ဖွယ် အားလုံးကို ဆောင်ရွက်ပြီးလေပြီ။ မသေမီနောက် ဆောင်ရွက်သမျှ အားလုံးသည် သူ၏ အကျိုးစီးပွားအတွက် မဟုတ်တော့။ လောက၏ အစီးအပွား အတွက်သာ ဖြစ်တော့ ၏။

ဤကျင့်စဉ်နှင့် ဤဖြစ်စဉ်များသည် မြတ်စွာဘုရား၏ ကိုယ်တွေ့ဖြစ်ကြောင်း **ဓမ္မစက္ကပဝတ္တန** သုတ်တော်၌ ပဥ္စဝဂ္ဂီတို့အား မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူထားရာ– မြတ်စွာဘုရား၏ တပည့်သားများ ဖြစ်ကြသော ရှင်, ရဟန်းများနှင့် ရှင်သာမဏေများ အနေဖြင့်လည်း မြတ်စွာဘုရား၏ ကိုယ်တွေ့ကျင့်စဉ်နှင့် ကိုယ်တွေ့ဖြစ်စဉ်အတိုင်း ဓမ္မနှင့် ဝိနယ၊ သို့မဟုတ် ဝိဇ္ဇာနှင့် စရဏ၊ သို့မဟုတ် အသိနှင့် အကျင့်တို့ တစ်သားတည်း ဖြစ်သွားပြီး စက္ခု, ဉာဏ, ပညာ, ဝိဇ္ဇာ, အာလောကတို့ကို ရရှိကာ လောကကို မှန်ကန်သော အမြင်ဖြင့် မြင်အောင်ကြည့်ပြီး မြတ်စွာဘုရား၏ နည်းအတိုင်း လောကကို ဓမ္မဝိနယဖြင့် ဦးဆောင်နိုင်ပါစေခြင်းငှာ ရှင်သာမဏေကျော်စာမေးပွဲကို ကျင်းပခြင်း ဖြစ်ပါသည်။ ရဟန်းကျော်စာမေးပွဲကိုလည်း ဖြစ်မြောက်အောင် ကျင်းပနိုင်ရန် အချိန်အခါနှင့် အခြေအနေ ပေးသလို ဆက်လက်အားထုတ်သွားမည်လည်း ဖြစ်ပါသည်။ ထိုသို့ စာမေးပွဲများ ကျင်းပနိုင်အောင် အားထုတ်ရာတွင် ဖြစ်ပေါ်လာမည့် အကျိုးတရားပိုင်းနှင့် ပတ်သက်၍ အောင်မြင်မည်၊ မအောင်မြင်မည်ကိုမူ မိမိတို့ တာဝန်အဖြစ် မသတ်မှတ်ဘဲ

စာမေးပွဲများ ဖြစ်ပေါ်အောင် အားထုတ်သည့် ‘အကြောင်းတရား’ ပိုင်းနှင့် ပတ်သက်၍မူ လူ့တာဝန်တစ်ရပ်အဖြစ် ခံယူပြီး အဓိပတိလေးပါးဖြင့် အားထုတ်ရန် သန္နိဋ္ဌာန်ချထားပါကြောင်း တင်ပြအပ်ပါသည်။ ထိုသို့ သန္နိဋ္ဌာန်ချရာတွင်လည်း “အကုသိုလ်အရာတွင် မှသာဝါဒသည် အင်အားကြီး၍ ကုသိုလ်အရာတွင် သစ္စဝါဒသည် အင်အားကြီးသည်” ဟူသောအဆုံးအမအတိုင်း ‘သစ္စာပြု၍’ သန္နိဋ္ဌာန်ချခြင်း ဖြစ်ပါကြောင်းကိုလည်း ဖော်ပြအပ်ပါသည်။

(၅)

ဘဝကို တည်ဆောက်ရာတွင် မှန်ကန်သော အသိဉာဏ်ကို ရဖို့ လိုအပ်၏။ မှန်ကန်သော အသိဉာဏ်ကို ရအောင် အားထုတ်ရာတွင် စာကောင်း ပေကောင်းကို ဖတ်ဖို့ လိုပြန်၏။ စာကောင်း ပေကောင်းတို့တွင် ပိဋကတ်စာပေသည် အနှိုင်းမဲ့ စာကောင်း ပေကောင်းများ ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီးတွင် “**ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ**--အာနန္ဒာ....ငါဘုရားသည် လေးဆယ့်ငါးဝါ ကာလပတ်လုံး ဓမ္မကိုလည်း ဟောအပ်ပြီ၊ ဝိနယကိုလည်း ပညတ်အပ်ပြီ၊ ငါဘုရား ဟောအပ်၊ ပညတ်အပ်သော ဓမ္မနှင့် ဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်ပြုသောအခါ သင်တို့

၏ ဆရာဖြစ်၏” ဟူ၍ ရှင်အာနန္ဒာအား မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့၏။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော၊ ပညတ်တော်မူခဲ့သော ဓမ္မနှင့် ဝိနယဟူသည် ပိဋကတ်စာပေများပင် ဖြစ်၏။ ထို့ကြောင့် ပိဋကတ်စာပေများသည် သက်မဲ့များ မဟုတ်၊ ကြည့်တတ်လျှင် လောကကို အမြဲတမ်း ဆိုဆုံးမတော်မူနေသော သက်ရှိထင်ရှား မြတ်စွာဘုရားပင် ဖြစ်၏။ ပိဋကတ် စာပေမှ သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်နိုင်၏။ ဖူးမြင်၍ ရ၏။ ထို့ကြောင့် ပိဋကတ် စာပေများကို အနှိုင်းမဲ့ စာကောင်းပေကောင်း ဟူ၍ ဆိုရ၏။

မြန်မာနိုင်ငံ၌ ပိဋကတ်စာပေများကို ပုဂံခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင် ဖတ်ခဲ့ကြ၏။ ပိဋကတ်စာပေများမှ သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရအောင် အားထုတ်ခဲ့ကြ၏။ သို့ရာတွင် ပိဋကတ်စာပေများကို ဖတ်ရှုခြင်းအားဖြင့် ပိဋကတ် စာပေများမှ သက်တော်ထင်ရှား မြတ်စွာဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရသူများလည်း ရှိကြ၏။ မဖူးမြင်ရသူများလည်း ရှိကြ၏။ အမှန်အားဖြင့် မျက်စိနှစ်လုံး ရှိသူများက ဖူးမြင်ကြရ၏။ မျက်စိနှစ်လုံး မရှိသူများက မဖူးမြင်နိုင်ကြပါ။

မျက်စိနှစ်လုံးတွင် မျက်စိတစ်လုံးမှာ သဒ္ဒါမျက်စိ ဖြစ်၍၊ အခြား မျက်စိတစ်လုံးမှာ အဘိဓမ္မာမျက်စိ ဖြစ်၏။ ပိဋကတ်စာပေများကို ဖတ်ရာတွင်

သဒ္ဒါ အမြင်ဖြင့် ဖတ်ဖို့လည်း လို၏။ အဘိဓမ္မာ အမြင်ဖြင့် ဖတ်ဖို့လည်း လို၏။ သဒ္ဒါမျက်စိရှိမှ သဒ္ဒါ အမြင်ဖြင့် ဖတ်နိုင်၏။ အဘိဓမ္မာမျက်စိရှိမှ အဘိဓမ္မာ အမြင်ဖြင့် ဖတ်နိုင်၏။ ပိဋကတ်စာပေများကို သဒ္ဒါ မျက်စိဖြင့် ကြည့်သောအခါ ပုဒ်ကို မြင်၏။ ဝါကျကို မြင်၏။ ပုဒ်နှင့် ဝါကျကို မြင်သောအခါ သမ္မုတိသစ္စာ ကို မြင်၏။ သမ္မုတိသစ္စာ ဟူသည် လောက၏ အပြင် ပုံသဏ္ဌာန် ဖြစ်၏။ ပိဋကတ်စာပေများကို အဘိဓမ္မာ မျက်စိဖြင့် ကြည့်သောအခါ ပရမတ္ထသစ္စာကို မြင်၏။ ပရမတ္ထသစ္စာဟူသည် လောက၏ အတွင်းသရုပ် ဖြစ် ၏။ အမှန်အားဖြင့် ပိဋကတ်စာပေများကို ဖတ်သော အခါ လောက၏ အပြင်ပုံသဏ္ဌာန်ကို မြင်ဖို့အတွက် သဒ္ဒါမျက်စိ လို၏။ လောက၏ အတွင်းသရုပ်ကို မြင်ဖို့ အတွက် အဘိဓမ္မာမျက်စိ လို၏။

လောကတွင် လူဖြစ်လာသောအခါ လူ့တာဝန် အရ မိမိကိုယ်ကို ကောင်းအောင် ကျင့်ရ၏။ မိမိကိုယ် ကို ကောင်းအောင် ကျင့်ရုံနှင့်လည်း မပြီးသေး၊ ပတ်ဝန်း ကျင် လောကကိုပါ ကောင်းအောင် ကျင့်ရ၏။ မိမိ ကိုယ်ကို ကောင်းအောင် ကျင့်ခြင်း ဟူသည်မှာ မိမိ ကိုယ်ကို မိမိကိုယ်တိုင်က ကြည်ညိုလာအောင် ကျင့် ခြင်း ဖြစ်၏။ ယင်းကို အတ္တာဓိပတိ ဟု ဆို၏။ ပတ်ဝန်းကျင်လောကကို ကောင်းအောင် ကျင့်ခြင်း ဟူသည်မှာ ပတ်ဝန်းကျင်လောက၌ ကြည်ညိုထိုက် သော အကျင့်သိက္ခာများ ကိန်းဝပ်လာအောင် မိမိက

ကျင့်ခြင်းဖြစ်၏။ ယင်းကို လောကာဓိပတိဟု ဆိုရ၏။ မိမိနှင့် မိမိပတ်ဝန်းကျင် လောကနှစ်ရပ်လုံး ကောင်းအောင် ကျင့်ဖို့ဆိုသည်မှာ ပိဋကတ်စာပေများကို သဒ္ဒါမျက်စိနှင့် အဘိဓမ္မာမျက်စိ နှစ်လုံးဖြင့် ဖတ်မှဖြစ်၏။ ထိုကဲ့သို့ ဖတ်ပါမှ လောက၏ အပြင်ပုံသဏ္ဌာန် ဖြစ်သော သမ္မုတိသစ္စာနှင့် လောက၏ အတွင်းသရုပ် ဖြစ်သော ပရမတ္ထသစ္စာကို မြင်၏။ အမှန်အားဖြင့် လောကကို အမှန်အတိုင်းမြင်ခြင်းသည် ဓမ္မကို မြင်ခြင်းဖြစ်၏။ ဓမ္မကို မြင်လျှင် အနိမ့်ဆုံးအဆင့်အားဖြင့် ကလျာဏပုထုဇဉ် ဖြစ်လေပြီ။ "ကလျာဏ ပုထုဇဉ် ဖြစ်ပါက– ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ– တရားကို မြင်သူသည် ငါဘုရားကို မြင်၏" ဟူသော ဒေသနာတော်အရ ပိဋကတ်စာပေများကို ဖတ်ခြင်းအားဖြင့် မြတ်စွာဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်နိုင်သူ ဖြစ်လေ၏။

သို့ဖြစ်လေရာ ပိဋကတ်စာပေများကို ဖတ်ရှုခြင်း အားဖြင့် ပိဋကတ်စာပေများမှ မြတ်စွာဘုရားကို ဖူးမြင်နိုင်အောင် ကြည့်ဖို့အတွက် စာမေးပွဲ၌ သဒ္ဒါမျက်စိအဖြစ် သဒ္ဒါကျမ်းနှင့် အဘိဓမ္မာ မျက်စိအဖြစ် သင်္ဂဟကျမ်းကို ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့်လည်း မျက်စိအမြင်သန်ပါမှ အာရုံကို မှန်မှန်ကန်ကန် မြင်နိုင်ခြင်း ဖြစ်လေရာ လောကကို အမြဲတမ်း ဆိုဆုံးမတော်မူတတ်သော မြတ်စွာဘုရားကို ပိဋကတ်စာပေများမှ တစ်ဆင့် ဖူးမြင်နိုင်အောင်

ကြည့်ဖို့အတွက် သဒ္ဒါမျက်စိနှင့် အဘိဓမ္မာမျက်စိ နှစ်လုံးကို ကြည်လင်သည်ထက် ကြည်လင်လာအောင် အားထုတ်ရမည် ဖြစ်၏။ ထို့ကြောင့် စာမေးပွဲတွင် ကျမ်းရင်းများကို လေ့လာရာ၌ သဒ္ဒါသဘောနှင့် အဘိဓမ္မာသဘောကို မျက်စိနှစ်လုံးသဖွယ် အလေး အနက် ထား၍ ပြဋ္ဌာန်းထားခြင်း ဖြစ်၏။ ဓမ္မတာအရ ဆိုလျှင်လည်း မျက်စိမရှိပါက လောကကို မည်သို့ပင် ကြည့်စေကာမူ မည်သည့်အရာဝတ္ထုကိုမျှ မြင်နိုင်ခြင်း မရှိသကဲ့သို့ ပိဋကတ်စာပေများကို ဖတ်ရာ၌လည်း သဒ္ဒါမျက်စိနှင့် အဘိဓမ္မာမျက်စိ မရှိလျှင် တရားကို မြင်နိုင်မည် မဟုတ်။ တရားကို မမြင်နိုင်လျှင် ဘုရားကို လည်း မြင်နိုင်မည် မဟုတ်။ တရားကို မမြင်ပါက လည်း မိမိကိုယ်ကို ဗုဒ္ဓဘာသာဝင်အဖြစ် မည်သို့ပင် အမည်ခံစေကာမူ ဗုဒ္ဓဘာသာဝင် ဖြစ်လိမ့်မည် မဟုတ်။ ဗုဒ္ဓဘာသာဝင် ဖြစ်သည် ဆိုပါလျှင် အမည်ခံ ဗုဒ္ဓ ဘာသာဝင်မျှသာ ဖြစ်ချေမည်။

မြန်မာနိုင်ငံသားတို့ကား များသောအားဖြင့် စား, ဝတ်, နေရေးအတွက် ဓမ္မရေးရာ၌ အချိန်ကုန် မခံနိုင်ဘဲ လောကရေးရာ၌သာ အချိန်ကုန်နေကြသူ များ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် ဓမ္မကို မသိ ကြ။ ဓမ္မကို သိကြလျှင် သူတို့သည် မြတ်စွာဘုရားကို မမြင်ကြ။ ထိုအခါ သူတို့သည် လူ့တာဝန်အရ မိမိ ကိုယ်လည်း ကောင်းအောင် မလုပ်နိုင်ကြ။ မိမိ၏ ပတ်ဝန်းကျင် လောကကိုလည်း ကောင်းအောင် မလုပ်

နိုင်ကြ။ ထိုအခါ မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံကြိုက်ပါလျက် ကြုံကြိုက်ရကျိုး မနပ် ဖြစ်ချေ၏။

ထို့ကြောင့် မြန်မာနိုင်ငံသားတို့အား တရားတော်ကို လည်းကောင်း၊ မြတ်စွာဘုရားကို လည်းကောင်း ဖူးမြင်ရအောင် ဟောကြားပြသတော်မူနိုင်သော အရှင်ကောင်း၊ အရှင်မြတ်များ ပေါ်ထွန်းပြီး ထိုအရှင်ကောင်း၊ အရှင်မြတ်များက ဓမ္မရေးရာနှင့် ပတ်သက်၍ လေ့လာရန် အချိန်မရရှာကြသော မြန်မာနိုင်ငံသားတို့အား မိမိတို့ကိုယ်တိုင် သိမြင်ထားသော တရား၊ မိမိတို့ကိုယ်တိုင် ဖူးမြင်ရသော မြတ်စွာဘုရားကို သိအောင်၊ ဖူးမြင်ရအောင် ဟောပြောပြသနိုင်စေရန် ရည်ရွယ်၍ ဤစာမေးပွဲကို ကျင်းပခြင်း ဖြစ်ပါသည်။

ဤစာမေးပွဲရည်ရွယ်ချက် ပြည့်စုံပါစိမ့်သောငှာ ဤစာမေးပွဲ၌ ဝင်ရောက် ဖြေဆိုကြမည့် အရှင်ကောင်း၊ အရှင်မြတ်များသည် ပိဋကတ်စာပေများကို ဖတ်ရှုရာ၌ တရားကိုမြင်အောင် ကြည့်နိုင်ရန်၊ မြတ်စွာဘုရားကို မြင်အောင် ကြည့်နိုင်ရန်၊ သဒ္ဒါမျက်စိနှင့် အဘိဓမ္မာမျက်စိကို ကြည်လင်သည်ထက် ကြည်လင်အောင် အားထုတ်ပြီးမှ ဖတ်ရှုရန် လိုအပ်ပါသည်။ သို့မှသာ ဤစာမေးပွဲ၏ ရည်ရွယ်ချက်ကို ပြည့်စုံအောင် ပံ့ပိုးရာရောက်မည် ဖြစ်ပါသည်။ သို့မဟုတ်ပါက ဤစာမေးပွဲ၏ ရည်ရွယ်ချက်ကို ပြည့်စုံအောင် ပံ့ပိုးရာရောက်မည် မဟုတ်သဖြင့် စာမေးပွဲ ကျင်းပသူများဘက်က မည်မျှပင် ကြိုးစား၍ ကျင်းပစေကာမူ ဤစာမေးပွဲသည်

မျှော်မှန်းသလို အကျိုးရှိလာနိုင်သော စာမေးပွဲ ဖြစ်လာနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အကျိုးရှိသော စာမေးပွဲ ဖြစ်လာနိုင်စေရန် ဤစာမေးပွဲကို ဝင်ရောက်ဖြေဆိုကြသော အရှင်ကောင်း၊ အရှင်မြတ်များသည် သဒ္ဒါမျက်စိနှင့် အဘိဓမ္မာမျက်စိ အမြင်သန်စေရန် အတွက် သဒ္ဒါသဘောနှင့် အဘိဓမ္မာ သဘောကို လေ့လာပြီးမှသာ ပြည့်စုံမည်ဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်။

(၆)

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ သာသနာတော် သုံးရပ်တွင် ပရိယတ္တိ သာသနာတော်သည် "သာသနဋ္ဌိတိယာ ပန ပရိယတ္တိပဌာနာ" ဟူသော အဆိုအမိန့်နှင့်အညီ သာသနာတော် တည်တံ့ပြန့်ပွားရေးတွင် အရင်းမူလ ပဓာနဖြစ်ပါသည်။ ပရိယတ္တိ သာသနာ ဆိုသည်မှာ ရှင်တော်မြတ်ဘုရား လေးဆယ့်ငါးဝါပတ်လုံး ဟောကြားတော်မူခဲ့သည့် ပိဋကတ် သုံးသွယ်၊ နိကာယ် ငါးရပ်၊ အဆုံးအမ တရားတော်မြတ်များ ဖြစ်ပါသည်။ ထိုပိဋကတ် သုံးသွယ်၊ နိကာယ်ငါးရပ်၊ အဆုံးအမ တရားတော်မြတ် ဟူသော ပရိယတ္တိသာသနာ မရှိပါက လက်တွေ့ ကျင့်ကြံကြိုးကုတ် အားထုတ်မှုဆိုသည့် ပဋိပတ္တိ သာသနာတော်လည်း မရှိနိုင်ပါ။ ထို့အတူ ပဋိပတ္တိ သာသနာ

တော် မရှိပါကလည်း မဂ်, ဖိုလ်, နိဗ္ဗာန် တရားတော် မြတ်များကို ထိုးထွင်း သိမြင်မှု ပဋိဝေဒ သာသနာ ဆိုသည့် အကျိုးအမြတ်များလည်း ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် သာသနာတော်သုံးရပ်တွင် ပရိယတ္တိ သာသနာသည် အခြေခံမူလ၊ ပဓာန အကျဆုံး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သုံးရပ် တည်တံ့ ပြန့်ပွား ထွန်းကားရေးသည် ပရိယတ္တိ သာသနာတော် အပေါ်တွင် အခြေတည်လျက် ရှိပါသည်။

ပရိယတ္တိသာသနာ ဟူသော ပိဋကတ်သုံးပုံတွင်လည်း ဝိနည်းပိဋကတ်တော်သည် သာသနာတော် တည်တံ့ ပြန့်ပွားရေးတွင် အဘိဓမ္မာပိဋကတ်၊ သုတ္တန်ပိဋကတ်တို့ထက် ပို၍ အရေးကြီးပါသည်။ သာသနာတော် ကွယ်သည့်အခါ အဘိဓမ္မာပိဋကတ်နှင့် သုတ္တန်ပိဋကတ်တို့က ရှေးဦးစွာ ကွယ်ပျောက်ကြ၍ ဝိနည်းမှာ နောက်ဆုံးမှ ကွယ်ပျောက်ပါသည်။ အဘိဓမ္မာတရား၊ သုတ္တန်တရားများ ကွယ်ပျောက်သော်လည်း ဝိနည်းတရားတော် ကျန်ရှိနေသေးလျှင် သာသနာ တည်ရှိနေသေးသည်ဟု ကျမ်းဂန်များ၌ မိန့်ဆိုထားပါသည်။ ဝိနည်းတရားတော် ဆိုသည်မှာ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းများ လုံခြုံစွာ လိုက်နာ စောင့်ထိန်းကြရမည့် ဝိနည်းသိက္ခာပုဒ်၊ ကိုယ်ကျင့်သီလ တရားများဖြစ်၍ သာသနာတော်တွင် အသက်ပမာ အရေးပါလှပါသည်။

နှောင်အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီသီလဝန်၊ ပုဂ္ဂိုလ်မွန်များက စောင့်ရှောက်ကြလိမ့်မည်။ (အနာဂတေ လဇ္ဇီ ရက္ခိဿတိ) ဟူသော အဆိုအမိန့်နှင့်အညီ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် ဝိနည်းသိက္ခာပုဒ်များကို သတိပြုကာ လုံခြုံစွာ စောင့်ထိန်းကြသည့် လဇ္ဇီသီလဝန် ပုဂ္ဂိုလ်မွန်များ ဖြစ်ကြပါမှ မြတ်စွာဘုရား၏ သာသနာတော် သုံးရပ်လုံး တည်တံ့ ပြန့်ပွားမည် ဖြစ်ပါသည်။ ဤကဲ့သို့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ အပေါ်၌ ဝိနည်းတရားတော် တည်ရှိနေမှသာ သာသနာတော်သည် တည်တံ့ ပြန့်ပွားမည် ဖြစ်သောကြောင့် သာသနာတော် တည်တံ့ ပြန့်ပွားရေးကို မျှော်တွေး၍ ဤ "ရှင်သာမဏေကျော် စာတော်ပြန်ပွဲ" တွင် ဝိနည်းငါးကျမ်း ပါဠိတော်ကြီးများကို အပြည့်အစုံ ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

ထို့ပြင် ဤစာတော်ပြန်ပွဲ၌ ပြဋ္ဌာန်းထားသည့် အင်္ဂုတ္တိုရ်ပါဠိတော် တစ်ဆယ့်တစ်ကျမ်းနှင့် ဓမ္မပဒ အဋ္ဌကထာ ကျမ်းများမှာလည်း သိမှတ်ဖွယ်ရာ ဓမ္မရေးရာ ဗဟုသုတမျိုးစုံတို့ ပါရှိသည့် "သုတပဒေသာ၊ သုတစွယ်စုံကျမ်းကြီးများ" ဖြစ်ပါသည်။ ဤကျမ်းကြီးများလာ သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို တတ်သိနားလည်သွားပါလျှင် ထိုတရားတော်များကို ကိုယ်တိုင် လိုက်နာကျင့်ကြံနိုင်ကြမည့်အပြင် ဗုဒ္ဓဘာသာဝင်

သူတော်စင် ဒကာ ဒကာမများအားလည်း ဟောပြော ပြသ လမ်းညွှန်နိုင်ကြမည် ဖြစ်ပါသည်။

ထို့ကြောင့် ဤစာတော်ပြန်ပွဲကို သုံးဆင့်စလုံး အောင်မြင်ပြီးသော ရှင်သာမဏေများမှာ "သုတ, သီလ၊ စွယ်စုံလှမူ၊ ထိုသူကို၊ နတ်လူကောင်းချီး၊ အံ့မပြီးဘဲ၊ မငြီးရှုမျှော်၊ ရှိပူဇော်၍၊ ကော်ရော်ဦးခိုက်၊ ချီးမွမ်းထိုက်ရှင့်" ဟူသော မန်လည်ဆရာတော် ဘုရားကြီး၏ ဩဝါဒတော်အတိုင်း လူ, နတ် ဦးခိုက် ပူဇော်ထိုက်၊ ချီးကျူးထိုက်သည့် သာသနာပြု ပုဂ္ဂိုလ် မွန်များဖြစ်၍ မင်္ဂလာဗျူဟာ သာမဏေကျော် စာတော် ပြန်ပွဲ ကျင်းပရေး အဖွဲ့က "သာသနာလင်္ကာရ" ဆိုသည့် သာမဏေကျော်ဘွဲ့ကို ထိုက်ထိုက်တန်တန် ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် သာမဏေကျော်များ ပေါ်ထွက် လာရန် ရည်ရွယ်၍ မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲ ကျင်းပရေးအဖွဲ့သည် "သီလ, သုတ၊ စွယ်စုံလှ၍၊ သာသနာ့တန်ဆောင်၊ အလင်းဆောင်အံ့" ဟု ကြွေးကြော်ကာ ရန်ကုန်မြို့၌ ၁၃၅၀ (၁၉၈၈) ခုနှစ်မှ စတင်၍ သာမဏေကျော် စာတော်ပြန်ပွဲကြီးကို ကျင်းပ ပြုလုပ်ခဲ့ရာ ယခု ခုနစ်ကြိမ်မြောက် အထိ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်မှု ရလာ ခဲ့ပါသည်။

အမှန်ဆိုရသော် ဤသာမဏေကျော် စာတော်

ပြန်ပွဲကြီး ယခုလို တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှု ရလာခဲ့ခြင်းမှာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ဂိုဏ်းဂဏ မျိုးစုံမှ ကျောင်းထိုင် ပဓာန နာယက ဆရာတော်ကြီး များနှင့် ဂဏဝါစက စာချဆရာတော်၊ သံဃာတော် များက သာသနာပြုစိတ်ဓာတ် အပြည့်အဝဖြင့် ပြဋ္ဌာန်း ကျမ်းစာများကို သီးသန့်ပို့ချ သင်ကြားပေးတော်မူခြင်း ဟူသော ဓမ္မာနုဂ္ဂဟ၊ ဗုဒ္ဓဘာသာဝင် သူတော်စင် ဒကာ ဒကာမများက ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ လှူဒါန်းခြင်း ဟူသော ပစ္စယာနုဂ္ဂဟတို့ကြောင့်ပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤစာတော်ပြန်ပွဲကြီးအား နှစ်စဉ် နှစ်တိုင်း ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟတို့ဖြင့် အသီးသီး ချီးမြှောက်လာခဲ့ကြသည့် ဆရာတော်၊ သံဃာတော် များနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင် ဓမ္မမိတ်ဆွေများ အား ဤအဖွဲ့ကြီးက အထူး ကျေးဇူးဥပကာရ တင်ရှိ ပါကြောင်း ဝမ်းမြောက်စွာ ပြောကြားလိုပါသည်။ လာမည့် နှစ်များတွင်လည်း ရှေ့နှစ်များကဲ့သို့ ဓမ္မာ နုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟတို့ဖြင့် အသီးသီး ဆက်လက် ချီးမြှောက်ကြသောအားဖြင့် မွန်မြတ်သော သာသနာပြု ကုသိုလ်ကိုလည်း ပြုလုပ်ကြပါရန် လေးစားစွာ ပန်ကြား လျှောက်ထားပါသည် ဘုရား။



- အနာဂတ် သာသနာ
- ပစ္စ ဘိညာ
- ဥရောပ၌ သာသနာပြုတော်မူနေသော မြောင်းမြ ပဋ္ဌာနတာရုံဆရာတော်
- လျှောက်ထားပါရစေ
- မင်္ဂလာဗျူဟာ သာမဏေကျော် စာတော်ပြန်ပွဲ အနုမောဒနာမှတ်တမ်း နိဒါန်းများ။

. . . .

တစ်ခါဖူးမျှ ပုံနှိပ်ခြင်း မပြုရသေးသည့် စာများကို စုစည်းထားပါသည်။